# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၁၃၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန(နေပြည်တော်) အဆောက်အဦ ရတနာပန္နက်တော်တင် အခမ်းအနားတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန (နေပြည်တော်)အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ပန္နက်တော်တင်ပေးသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ဇနီး ဒေါ်ရင်မေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ဇနီး ဒေါ်အေးသီတာ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာ)မှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရတနာပန္နက်တော်ကို ကိုးချက်စိုက်ထူ**

မင်္ဂလာအချိန်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သတ်မှတ်ပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်ကို ကိုးချက်စိုက်ထူ၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

**အမွှေးနံ့သာရည်ပက်ဖျန်း**

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းတို့သည် သတ်မှတ်ပန္နက်တော်ဌာနများတွင် ရတနာပန္နက်တော်ကို

*စာမျက်နှာ ၃ ကော်လံ ၁* ❏



## ရတနာပန္နက်တော် စိုက်ထူ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သတ်မှတ်ပန္နက်တော်ဌာနတွင် ရတနာပန္နက်တော် စိုက်ထူပေးစဉ်။

သတင်းစဉ်

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ**

ပြည်သူ့လွှတ်တော်- စာ - ၈

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ**

အမျိုးသားလွှတ်တော်- စာ - ၉

**လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်ကြည့်ရှုအားပေး**

ပြည်တွင်းသတင်း- စာ - ၁၂




မြန်မာ့အလင်း

# ပြည်သူ့ဘဝတိုးတက်ရေးနှင့် ပညာရေးကဏ္ဍ

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူမှုအဖွဲ့အစည်းအတွင်းမှ ဆင်းရဲသူတို့၏ ဘဝများသည် ဆင်းရဲမှု၊ ပညာမဲ့မှု၊ လူနေမှု အဆင့်အတန်းနိမ့်ကျမှု၊ ကျန်းမာရေး အဆင့်အတန်း နိမ့်ကျမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု စသည့် ဆင်းရဲတွင်းသံသရာထဲမှ ရုန်းမထွက်နိုင်အောင် ဖြစ်နေကြရသည်ဟု အမှတ်အသားရှိ၏။

ဆင်းရဲခြင်းကြောင့် ပညာသင်ကြားရန် အခွင့်အရေးနည်းပါးမှု ဖြစ်၊ ပညာမဲ့မှုက လူနေမှုအဆင့်အတန်းနိမ့်ကျခြင်းကို ဦးဆောင်၊ လူနေမှု အဆင့်အတန်းနိမ့်ကျသည့်အခါ ကျန်းမာရေး အဆင့်နိမ့်ကျမှုက ထက်ကြပ်မကွာ လိုက်ပါလာသည်။ တစ်ဖန် ပညာမဲ့ခြင်းကြောင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုမှအစ ဘဝဆိုင်ရာအမြင် လူ့အဖွဲ့အစည်းအပေါ်ထားသည့် သဘောထားအထိ လိုအပ်ချက်များ ရှိလာ ပြန်သည်။ ယောနိသောမနသိကာယ ဟူသည့် သင့်တင့်လျောက်ပတ်သော သဘောထား မထားတတ်သည့်အခါ ဘာကိုမဆို အလို မကျ ဖြစ်လာသည်။ သည်အခါ စိတ်အလိုမကျမှုက စိတ်မပျော်ရွှင်မှုနှင့်အတူ လူ့ဘဝအသက်ရှင်သန်ရခြင်းကို အဓိပ္ပာယ်မဲ့မှုများဖြင့် ရှုမြင်လာတတ်သည်။ ရုန်းကန်ခြင်း၊ ဆင်းရဲတွင်းမှ လွတ်မြောက်ရန် အားထုတ်ခြင်းတို့အတွက် အင်အားမရှိ။ သည်လိုနှင့် ဒုံရင်း။

ထို့ကြောင့်ပင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဆင်းရဲသူတို့၏ ဘဝသည် လွတ်ကျွတ်ဖို့ ခက်ခဲသည်ထက် ခက်ခဲလာရသည်။ သည်အခြေအနေက လွတ်မြောက်ဖို့လမ်းစရှာရာတွင် လူမှုအဖွဲ့အစည်းအတွင်း၌ ပညာရေးစနစ်ကို မည်သို့ မြှင့်တင်ကြမည်နည်းဆိုသည်က အဓိကနေရာသို့ ရောက်နေသည်ကို တွေ့ရ၏။ ပြည်သူ့ဘဝများကို မြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်ကို မထူထောင်နိုင်သရွေ့ထိရောက်အောင်မြင်သည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မပေါ်ပေါက်နိုင်ဟူ၏။

ကျန်းမာရေး ချမ်းသာရေးဟူသည် ပညာရေးတွင် အခြေခံ၏ ဟူသည့် သဘောတရားက ကမ္ဘာတစ်ဝန်းကို လွှမ်းခြုံလာနေခဲ့ပြီ ဖြစ်သည်။ ထို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ပညာရေးစနစ်ကို ဘယ်က စတင်ပြောင်းလဲကြမည်နည်းဆိုသည့် အဖြေကိုရှာကြရာတွင် ယေဘုယျအားဖြင့် မူလတန်းပညာရေးစနစ်က စကြရမည်ဟူ၏။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်က မတက်နိုင်သေး။ ပြည်သူအများစုက ဆင်းရဲနွမ်းပါးမှုနွံတွင်းက မထွက်နိုင်သေး။ မြန်မာနိုင်ငံ၏ ပညာရေးစနစ်က ပြောင်းလဲဖို့ကြိုးစားနေဆဲအဆင့်မှာသာ ရှိနေသေးသည့် အနေအထား။

မြန်မာ့ပညာရေးစနစ်က နှစ်ပေါင်းများစွာ ယိုယွင်းလာခဲ့သော ပညာရေးစနစ်ဖြစ်သည့်အတွက် အမြစ်ကလှန်ရမည့်ကဲ့သို့ ဖြစ်နေသည်။ ထို့ပြင် အရေးပါသည့် အချက်တစ်ချက်က အမျိုးသမီးငယ်တို့၏ ပညာရေးဆိုင်ရာဖြစ်၏။ အထူးသဖြင့် အမျိုးသမီးငယ်တို့၏ ပညာရေးဆိုင်ရာ ကဏ္ဍတွင် ကျကျနန ရင်းနှီးမြှုပ်နှံကြရန်လိုမည်ဟု ပညာရေးသုတေသီတို့၏ အကြံပေးချက်များတွင် တွေ့ရသည်။

မိသားစုများအတွင်း အစားအသောက် အနေအထိုင်၊ ပညာသင်ကြားရေး၊ ကျန်းမာရေး အစစတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍက ရှေ့တန်း ရောက်ပါသည်။ အမျိုးသမီးတို့တွင် အခြေခံပညာရေးအသိရှိလျှင် အစားအသောက်ဆိုင်ရာ အသိပညာကအစ မျိုးဆက်သစ် ကလေးငယ်များအတွက် ပညာရေးအရေးပါပုံ၊ ကျန်းမာရေးဆိုင်ရာ အသိပညာ အစစအတွက် ခြုံငုံသုံးသပ်နိုင်စွမ်း၊ ဆုံးဖြတ်နိုင်စွမ်း ရှိလာမည် ဖြစ်၏။

ထို့အတူ မြို့ဆင်ခြေဖုံးဒေသများ၊ ကျေးလက်တောရွာများ၊ နယ်စပ်ဒေသများရှိ ကလေးငယ်များအတွက် မသင်မနေရ ပညာရေးစနစ်က လွန်စွာအရေးကြီးပါသည်။ အထူးသဖြင့် ဝေးလံသီခေါင်သော တိုင်းရင်းသားဒေသများအတွက် အထူးဦးစားပေး စဉ်းစားစရာများ ရှိပါသည်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများအကြား တန်းတူညီမျှမှုဟူသည် စီးပွားရေး၊ ငွေရေးကြေးရေး၊ သယံဇာတသုံးစွဲရေးတို့သာမက လူမှုရေး၊ ကျန်းမာရေးအဆင့်အတန်း စသည်တို့နှင့်အတူ အခြေခံပညာရေးစနစ်တွင်ပါ မျှတသည့် စဉ်းစားဆင်ခြင်မှု၊ ပြင်ဆင်စီမံမှုတို့က အရေးပါပါသည်။ ဒေသအသီးသီးတို့၏ ပထဝီအနေအထား ဘာသာစကားအခက်အခဲစသည့်အထွေထွေ စိန်ခေါ်မှုများကို ဘက်စုံစဉ်းစားဖြေရှင်းရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံဖွံ့ဖြိုးရေးကို အားထုတ်ကြိုးပမ်းကြချိန်တွင် နိုင်ငံနှင့် အဝန်းမျှတတူညီ တိုးတက်နိုင်သည့် ပညာရေးစနစ်ကို အခြေကျအောင် တည်ဆောက်ကြဖို့ လိုမည်ဟု ယုံကြည်ပါကြောင်း။ ။

# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ယမန်နေ့က စေတီတော် အရှေ့ဘက် ဓာတ်လှေကားအနီး၌ ကျင်းပသည်။

ရှေးဦးစွာ ပွဲတော်ကြီးအား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း)နှင့် မြို့မိမြို့ဖ ဦးစိန်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မုခ်ဦးဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

အဆိုပါပွဲတော်ကြီးကို ယမန်နေ့မှစ၍ ဖေဖော်ဝါရီ ၂၀ ရက်အထိ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ နာရီ ၉၀ ကြာ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ထမနဲထိုးပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်နှင့် လက်ဝှေ့ပွဲ၊ ဇာတ်သဘင်ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့

**စစ်တွေ ဖေဖော်ဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၁ ရက်က ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ချောင်းတူကျေးရွာမှ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာရှိ ပင်မဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ခိုလှုံလျက်ရှိသည့် တိုက်ပွဲရှောင်ပြည်သူများအား ဆန်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ပေးကြသည်။

အဆိုပါတိုက်ပွဲရှောင်ပြည်သူများမှာ ဖေဖော်ဝါရီ ၁၀ ရက်က တိုက်ပွဲဖြစ်ပွားမှုကြောင့် ကျောက်တော်မြို့နယ် ချောင်းတူကျေးရွာမှ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာရှိ ပင်မဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ခိုလှုံလာခြင်းဖြစ်ကြောင်း သိရသည်။

တိုက်ပွဲရှောင်ပြည်သူများမှာ အိမ်ထောင်စု ၆၈ စု လူဦးရေ ၂၇၉ ဦးဖြစ်ပြီး ယင်းပြည်သူများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းငါးမျိုး၊ အဝတ်အထည်များ၊ စောင်၊ ဖျာ စုစုပေါင်းတန်ဖိုး ငွေကျပ် တစ်ဆယ့်နှစ်သိန်းကျော်၊ လူဦးရေ ၂၇၉ ဦးအတွက် ဆန်ရိက္ခာ တစ်လစာ ငွေကျပ် နှစ်ဆယ့်တစ်သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**



တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# မိတ္ထီလာမြို့ရှိ စည်သူမြောင်းအတွင်း မိလ္လာများစွန့်ပစ်ခြင်းအား တားဆီးပေးစေလို

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ စည်သူမြောင်းအတွင်းသို့ အမှိုက်၊ မိလ္လာများစွန့်ပစ်ခြင်းအား သက်ဆိုင်ရာတာဝန်ရှိသူများက တားဆီးပေးစေလိုကြောင်း အောင်ဇေယျာရပ်ကွက်နေ ပြည်သူများထံမှ သိရသည်။

အဆိုပါစည်သူမြောင်းမှာ မိတ္ထီလာကန်အရှေ့ဘက်ခြမ်း မိတ္ထီလာမြို့ ဧရိယာတစ်ဝက်ခန့်၏ အဓိကမြို့ရေထွက်ပေါက်ဖြစ်ပြီး လယ်ရေသောက်မြောင်းအဖြစ်ပေးသောမြောင်းဖြစ်ကြောင်း၊ ယင်းမြောင်းသည် မြို့ပေါ်ရပ်ကွက်များဖြစ်သော စည်သူရပ်ကွက်၊ အရှေ့ပြင်ရပ်ကွက်၊ ရတနာမာန်အောင်ရပ်ကွက်နှင့် အောင်ဇေယျာရပ်ကွက်များမှ ဖြတ်သန်းစီးဆင်းသောမြောင်းဖြစ်ကြောင်း၊ အမှိုက်၊ မိလ္လာများ စွန့်ပစ်မှုကြောင့် မြောင်းတိမ်ကောမှုမြန်ကာ မိုးကာလတွင် မြောင်းရေများ လျှံတက်၍ နေအိမ်များအတွင်းသို့ ရေဆိုးရေညစ်များ ဝင်ရောက်သဖြင့် ရောဂါများဖြစ်ပွားမည်ကို စိုးရိမ်နေရကြောင်း ပြည်သူများက ပြောသည်။

သို့ဖြစ်၍ ယင်းကဲ့သို့ မိလ္လာများ မြောင်းအတွင်း စွန့်ပစ်ခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူများမှ တားဆီးပေးပါက အဆင်ပြေနိုင်ကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။ **ဇော်ဇော် (မြို့သစ်)**

❑ ရှေ့စာမှ

ကိုးချက်စီစိုက်ထူ၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

**ရတနာရွှေမိုးငွေမိုးများ ရွာသွန်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန(နေပြည်တော်) အဆောက်အဦ ရတနာပန္နက်တော်တင် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးသည်။

**လှူဒါန်းခြင်းဖြစ်**

အဆိုပါ ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန (နေပြည်တော်) အဆောက်အဦကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ ဆောက်လုပ်သွားမည်ဖြစ်ပြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း (မြန်မာ)က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ငွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်းနှင့် တာဝန်ရှိသူများ ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန (နေပြည်တော်)အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနား တက်ရောက်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရတနာပန္နက်တော်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ သတင်းစဉ်



မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်း ရတနာပန္နက်တော်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ သတင်းစဉ်



ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်း ရတနာပန္နက်တော်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ သတင်းစဉ်

# ရင်ခွင်မဲ့ကလေးငယ်များအား ပြုစုစောင့်ရှောက်ရန်အတွက် ကလေးပြုစုရေးဌာနတစ်ခု နေပြည်တော်တွင် တည်ဆောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရင်ခွင်မဲ့ကလေးငယ်များအား ပြုစုစောင့်ရှောက်ရန်အတွက် ကလေးပြုစုရေးဌာနတစ်ခုကို နေပြည်တော်တွင် တည်ဆောက်တော့မည်ဖြစ်ရာ အဆိုပါ ကလေးပြုစုရေးဌာန (နေပြည်တော်) အဆောက်အဦရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်၍ ပန္နက်တော် တင်ပေးခဲ့သည်။

ကလေးပြုစုရေးဌာန (နေပြည်တော်) အဆောက်အဦကို ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း (မြန်မာ)က အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

“ကလေးပြုစုရေးဌာန (နေပြည်တော်) ဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ ရင်ခွင်မဲ့ကလေးတွေအတွက် ဖြစ်ပါတယ်။ လက်ရှိမှာတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ ကလေးပြုစုရေးဌာန ခုနစ်ခု ရှိပါတယ်။ ရင်ခွင့်မဲ့ကလေးတွေ စောင့်ရှောက်ဖို့ အဲဒီခုနစ်ခုနဲ့ မလုံလောက်တော့လို့ ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန (နေပြည်တော်) အဆောက်အဦ ဆောက်လုပ်ဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကလေးပြုစုရေးဌာနအပြင် single mother တွေအတွက်ပါ အဆောက်အဦတစ်ခု ဆောက်လုပ်ဖို့ စဉ်းစား



လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး





ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း(မြန်မာ) ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်

ထားပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနမှာ ရှိတဲ့ ကလေးပြုစုရေးဌာနတွေနဲ့ ပရဟိတ ဂေဟာတွေမှာ ကလေးငယ်လေးတွေ အများကြီးဖြစ်နေပါတယ်။ အားလုံးပါဝင်ဆောင်ရွက်ရင် ဒီကိစ္စတွေ တန့်သွားမယ်လို့ယူဆပါတယ်။ မိသားစုက မစောင့်ရှောက်တော့တဲ့ ကလေးတွေကို ကလေးပြုစုရေးဌာနတွေမှာ အသက် ၁၀ နှစ်အထိ စောင့်ရှောက်ပေးပါတယ်။ မိန်းကလေးဆို အမျိုးသမီးလေးများကျောင်း၊ ယောကျ်ားကလေးတွေဆိုရင် လူငယ်သင်တန်းကျောင်းကို ပို့ပြီးစောင့်ရှောက်ပေးပါတယ်”ဟု လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ပြောသည်။

ယင်းအဆောက်အဦကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ ဆောက်လုပ်သွားမည်ဖြစ်ပြီး မိသားစုက မစောင့်ရှောက်တော့သည့် ကလေးငယ်များကို ခေါ်ယူစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း(မြန်မာ)ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်က “ကလေးပြုစုစောင့်ရှောက်တဲ့နေရာမှာ စနစ်တကျ သေသေချာချာ ပြုစုစောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ ကလေးတွေကို စောင့်ရှောက်တဲ့ နေရာမှာ ကလေးတွေတင်မဟုတ်ဘဲ မမွေးခင် ကိုယ်ဝန်ကတည်းကစတင်ပြီး စောင့်ရှောက်မှာ ဖြစ်ပါတယ်။ ကလေးရော၊ မိခင်ရော ကျန်းကျန်းမာမာနဲ့ လူ့အဖွဲ့အစည်းမှာ ဂုဏ်သိက္ခာရှိရှိနဲ့ ရပ်တည်နိုင်အောင် သူတို့ရဲ့စီးပွားရေး၊ ပညာရေး၊ လူမှုရေး စတဲ့ဖွံ့ဖြိုးမှုတွေအကုန်လုံးကို ဖြေရှင်းပေးမှာဆိုတော့ အသေးစိတ် စောင့်ရှောက်မှာ ဖြစ်ပါတယ်”ဟု ပြောသည်။

**ကျော်သူထက်**




နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

မြိတ် ဖေဖော်ဝါရီ ၁၃

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးလှမော်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မွန်းလွဲ ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက မြိတ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သောင်းသောင်းဖြဖြ ကြိုဆို**

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား မြိတ်မြို့တွင်းလမ်းမကြီးများတစ်လျှောက်တွင် ဒေသခံပြည်သူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရုပ်ပုံပိုစတာများနှင့် ဗီနိုင်းပိုစတာများအား ကိုင်ဆောင်ပြီး သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြိတ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**၁၀၄ နှစ်မြောက် မွေးနေ့ဖြစ်**

ဆုချီးမြှင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိအနေဖြင့် ယခုဆိုလျှင် တနင်္သာရီတိုင်းဒေသကြီးကို မရောက်သည်မှာ နှစ်နှင့်ချီသွားပြီဖြစ်ပါကြောင်း၊ ယခုလိုလာနိုင်သည့်အတွက် ဝမ်းသာပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူလူထု၏ နွေးထွေးစွာ ကြိုဆိုမှုအတွက် ကျေးဇူးတင်ပါကြောင်း၊ ယနေ့သည် ဖေဖေ၏ ၁၀၄ နှစ်မြောက် မွေးနေ့ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ဖေဖေ၏မွေးနေ့ကို ကလေးများနေ့အဖြစ် သတ်မှတ်ပြီး ဤကျောင်းတွင် ဆုပေးပွဲပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ဆုဆိုသည်မှာ လွယ်လွယ်ကူကူနှင့်ရသည့်အရာမဟုတ်ပါကြောင်း၊ ကြိုးပမ်းမှုကြောင့်သာရရှိခြင်း ဖြစ်ပါကြောင်း၊ ရသင့်ရထိုက်သည့်ဆုရရှိမှသာလည်း ဂုဏ်ရှိသည်ဟု အားလုံးကို ပြောချင်ပါကြောင်း။

မိမိ၏ ကြိုးစားမှုကြောင့်၊ စွမ်းဆောင်မှုကြောင့် ရသည့်ဆုဆိုလျှင် ကောင်းပါကြောင်း၊ ထိုထက်ပိုပြီးကောင်းသည့်ဆုမှာ အခြားသူများအတွက် စွမ်းဆောင်မှုကြောင့် ရသည့်ဆုပင်ဖြစ်ပါကြောင်း၊ ဖေဖေဆိုလျှင် ပြည်သူလူထု၏ မေတ္တာကို ခံယူရခြင်းကြောင့် ဘာဆုမှမလိုအပ်ဘဲ ဆုကြီးရှင်တစ်ယောက်ဖြစ်နေပါကြောင်း၊ ယနေ့ကလေးများသည် ဖေဖေမိန့်ခွန်းပြောသည့်ပုံစံကို သရုပ်ဆောင်ကြောင်း၊ သရုပ်ဆောင်သည့်နေရာတွင် အတော်ဆုံးနေရာကဆုရသည်ဟု သိရပါကြောင်း၊ သရုပ်ဆောင်တော်တယ် ဆိုသည်မှာ အနုပညာအရပါရမီပါသည်ဟု ပြောနိုင်ကြောင်း၊ ဖေဖေ၏ ပြင်ပရုပ်ကိုသာ အတုခိုးရန်က အဓိကမဟုတ်ပါကြောင်း၊ နိုင်ငံအပေါ်ထားသည့်စေတနာကို လေးစားတန်ဖိုးထားပြီး အတုခိုးခြင်းက အရေးကြီးပါကြောင်း။

**စံနမူနာအဖြစ်နေသင့်**

ယခုခေတ်တွင် အများအတွက်လုပ်ပေးသည့် စိတ်သဘောထားက အားလျော့ပါကြောင်း၊ တချို့က ထိုအရာကိုခေတ်နှင့်မညီဘူးဟု ပြောကြပါကြောင်း၊ ယခုခေတ်က ကိုယ့်အတွက်လုပ်နိုင်မှ၊ ကိုယ်ချမ်းသာအောင်လုပ်နိုင်မှ အဆင်ပြေမည်ဆိုပြီး လူကြီးများက သင်ကြားလာကြပါကြောင်း၊ ထို့ကြောင့် မိမိတို့ကလေးများ မှန်မှန်ကန်ကန် ပညာသင်ယူစေချင်လျှင်၊ မှန်ကန်သည့်စံနှုန်းများ နှလုံးသွင်းစေချင်လျှင် လူကြီးများက မှန်ကန်သည့်အပြုအမူများရှိရန် အရေးကြီးပါကြောင်း၊ ပြောသည်က တစ်မျိုးပြောပြီး လုပ်သည်က တစ်မျိုးဆိုလျှင် ကလေးများ စိတ်ရှုပ်ထွေးပြီး လေးစားမှု၊ ယုံကြည်မှုပျက်နိုင်ပါကြောင်း၊ ထို့ကြောင့် မိဘဆရာများသည် ကျောင်းသူ ကျောင်းသားများ၊ ကလေးများအတွက် စံနမူနာအဖြစ်နေသင့်ပါကြောင်း။

**တစ်ဘဝလုံး တန်ဖိုးထားမည်ဖြစ်**

ကျောင်းတစ်ကျောင်း၏တန်ဖိုးကို တွက်သည့်အခါ ကျောင်းသူ ကျောင်းသားများ ကျောင်းကို မလာချင်သည့်စိတ်ကအများဆုံးဖြစ်နေလျှင် ထိုကျောင်း၏ အခြေအနေ မကောင်းဘူးဟု သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ကျောင်းတစ်ခုသည် ပြင်ပအားဖြင့်ကြည့်လျှင် မည်မျှပင် မပြည့်စုံသည့် ပုံစံထွက်နေပါစေ၊ ရုပ်ပိုင်းဆိုင်ရာပစ္စည်းများ မပြည့်မစုံဖြစ်နေပါစေ၊ ကလေးက ကျောင်းကိုသွားရသည်မှာ ပျော်သည်ဆိုလျှင် ထိုကျောင်းသည် အောင်မြင်ပြီဟု ဆိုနိုင်ပါကြောင်း၊ ကျောင်းမှာပျော်လျှင် ကျောင်းက သင်ပေးသည်များကို သင်ယူနှလုံးသွင်းပြီး တစ်ဘဝလုံး တန်ဖိုးထားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အဓိကမှာ ဆရာ ဆရာမများ၏ တာဝန် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသူ ကျောင်းသားများအပေါ် စေတနာရှိမည်ဆိုလျှင်၊ ကျောင်းသူ ကျောင်းသားများ၏ရှေ့ရေးအတွက် စဉ်းစားမည်ဆိုလျှင် ကလေးများ မပျော်စရာအကြောင်း မရှိပါကြောင်း။

**ကျောင်းနေချင်သည့် စိတ်ဖြစ်စေရန်**

ယခုတစ်နိုင်ငံလုံးမှ ကျောင်းတချို့ကို ကြည့်သည့်အခါ မိမိသတိပြုမိသည်မှာ ကျောင်းသည် ရုပ်ပိုင်းဆိုင်ရာအရ ထည်ဝါရန်၊ ခမ်းနားရန် အဓိကမဟုတ်ပါကြောင်း၊ ဆရာ ဆရာမများက ကျောင်းသားများကို ကျောင်းနေချင်သည့် စိတ်ဖြစ်စေရန် မည်မျှလုပ်ပေးနိုင်သည်ဆိုသည်က အဓိကဖြစ်ပါကြောင်း၊ လိုအပ်နေသည်များကို မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သည့် ဘဏ္ဍာငွေအခြေအနေအတွင်းက ကူညီမည်ဖြစ်ပါကြောင်း၊ သို့သော် ဆရာ ဆရာမများကလည်း ကူညီရလိမ့်မည် ဖြစ်ပါကြောင်း၊ သို့မှသာ ကျောင်းသူ ကျောင်းသားများက ကူညီတတ်သည့်အလေ့အထနှင့် ပြန်ပြီးကူညီမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းပြီးကြိုးစား**

နိုင်ငံတစ်နိုင်ငံ၏ အဓိက သယံဇာတအင်အားဆိုသည်မှာ ပြည်သူလူထုဖြစ်ပါကြောင်း၊ မိမိတို့ အနာဂတ်အတွက် ကလေးငယ်များသည် မိမိတို့၏ဘဏ်ထဲတွင် စုထားသည့်ငွေကြေးများကဲ့သို့ ဖြစ်ပါကြောင်း၊ အနာဂတ်တွင် အချိန်မရွေးထုတ်သုံးနိုင်သည့် အင်အားများ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိဘဆရာများသည် နိုင်ငံတစ်နိုင်ငံလုံးအတွက် သုံးမကုန်သည့် နိုင်ငံတော်ရတနာများဖြစ်စေရန် ဝိုင်းဝန်းပြီးကြိုးစားကြရန် မိမိအနေဖြင့် ဆော်ဩပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံတွင် အချမ်းသာဆုံး တိုင်းဒေသကြီးတစ်ခုဟု ပြောမရပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရန် ဤတိုင်းဒေသကြီးမှ ပြည်သူလူထုချမ်းသာကြွယ်ဝရန် အားလုံးဝိုင်းပြီး လုပ်ရမည်ဖြစ်ကြောင်း၊ ဗဟိုအစိုးရအနေဖြင့်လည်း အတတ်နိုင်ဆုံး ကြိုးစားသွားမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

**❑ နိုင်ငံတစ်နိုင်ငံ၏ အဓိက သယံဇာတအင်အားဆိုသည်မှာ ပြည်သူလူထုဖြစ်ပါကြောင်း၊ မိမိတို့ အနာဂတ်အတွက် ကလေးငယ်များသည် မိမိတို့၏ ဘဏ်ထဲတွင် စုထားသည့်ငွေကြေးများကဲ့သို့ ဖြစ်ပါကြောင်း၊ အနာဂတ်တွင် အချိန်မရွေးထုတ်သုံးနိုင်သည့် အင်အားများ ဖြစ်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိဘဆရာများသည် နိုင်ငံတစ်နိုင်ငံလုံးအတွက် သုံးမကုန်သည့် နိုင်ငံတော်ရတနာများဖြစ်စေရန် ဝိုင်းဝန်းပြီး ကြိုးစားကြရန် မိမိအနေဖြင့် ဆော်ဩပါကြောင်း။**




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြိတ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိကြသည့်သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

*စာမျက်နှာ ၄ မှ*

သို့သော် အားလုံးသိသည့်အတိုင်း မိမိတို့နိုင်ငံတွင် တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခုရှိသည့်အတွက် အားလုံး မျှမျှတတတတ်နိုင်သမျှ ကူညီရပါကြောင်း၊ နိုင်ငံက မကြွယ်ဝ မချမ်းသာသည့်အတွက် ထောက်ပံ့ချင်သလောက် မထောက်ပံ့နိုင်ပါကြောင်း၊ ထောက်ပံ့သမျှ ထိထိရောက်ရောက် အပြည့်အဝ အကျိုးရှိစေရန် လုပ်ဆောင် ရမည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ဖြစ်ကြောင်း၊ လူတိုင်း လူတိုင်းသည် တာဝန်ကို အလေးထားရမည် ဖြစ်ပါကြောင်း၊ တာဝန်မဲ့သည့် ပုဂ္ဂိုလ်များသည် အခြားသူများအတွက် တာဝန်ယူနိုင်သည့် အနေအထားမရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံတွင်အားလုံး တာဝန်သိစိတ်နှင့် နိုင်ငံအတွက် လုပ်ဆောင်ရန် တိုက်တွန်းလိုပါကြောင်း။

### ဥပဒေဘောင်အတွင်းက အရေးယူမည်

မိမိတို့ အဖွဲ့ချုပ်အနေဖြင့် ပြည်သူများကိုပေးထားသည့် ကတိကဝတ်များ ဖျက်ခဲ့သည်ဆိုသည်မှာ တစ်ခါမျှ မရှိခဲ့ပါကြောင်း၊ နောင်လည်းဖျက်မည်မဟုတ်ပါကြောင်း၊ ပြည်သူများကို ထိခိုက်စေသည့်ကိစ္စများ ဖြစ်လာပြီဆိုပါက မိမိတို့အနေဖြင့် ပြတ်ပြတ်သားသား ဥပဒေဘောင်အတွင်းက အရေးယူမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားများ၏ အကျိုးအတွက် တာဝန်ထမ်းဆောင်ခွင့်ရသည့် ပုဂ္ဂိုလ်များအားလုံးမိမိတို့၏ တာဝန်များကို ဖြောင့်ဖြောင့်မတ်မတ်ပွင့်ပွင့်လင်းလင်း၊ တိတိကျကျ ဆောင်ရွက်ကြပါဟု ဆော်ဩချင်ပါကြောင်း၊ မိဘဆရာများကလည်း မိမိတို့၏ ကလေးငယ်များကို ကြီးလာသည့်အခါ ကိုယ့်တာဝန်ကို မှန်မှန်ကန်ကန် ပွင့်ပွင့်လင်းလင်း တိတိကျကျ ထမ်းဆောင်နိုင်သည့် လူကြီးများဖြစ်စေရန် ဝိုင်းဝန်းပြီးပံ့ပိုးပေးကြပါရန် မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခရိုင်အဆင့်မူလတန်းနှင့် အထက်တန်းအဆင့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောပြိုင်ပွဲများတွင် ပထမရရှိခဲ့ကြသည့် ကျောင်းသားများ၏ သရုပ်ဖော်မိန့်ခွန်းပြောကြားမှုကို ကြည့်ရှုအားပေးသည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ခရိုင်အဆင့် ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲ မူလတန်းအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးလှမော်ဦးတို့က ခရိုင်အဆင့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခရိုင်အဆင့် ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲ မူလတန်းအဆင့်တွင် ပထမဆုရ ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**

သတင်းစဉ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဆုရကျောင်းသား၊ ကျောင်းသူများ၏ အနုပညာပြခန်းကို ကြည့်ရှုအားပေးသည်။

### ဒေသခံပြည်သူများအား တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျွန်မတို့ တိုင်းနဲ့ ပြည်နယ်တွေကို သွားပြီးတော့ ကြည့်တယ်ဆိုတာဟာ အဓိကအားဖြင့် ပြည်သူလူထုရဲ့ အခြေအနေကို သိဖို့ပါပဲ။ ပြည်သူလူထုဟာ ဘယ်လောက်တိုးတက်မှုရှိသလဲ။ ဘယ်လောက်ပြဿနာတွေနဲ့ ရင်ဆိုင်နေရသလဲ။ ဒီပြဿနာတွေကို ရင်ဆိုင်ကျော်လွှားဖို့က ဘာတွေလုပ်သင့်သလဲဆိုတာကို လေ့လာဖို့ ကျွန်မတို့ ခရီးထွက်ခဲ့တာဖြစ်ပါတယ်။

နောက်ပြီး တာဝန်ယူထားတဲ့ အစိုးရအနေနဲ့လည်း တိုင်းဒေသကြီး/ပြည်နယ် အစိုးရအသီးသီးက မိမိတို့ရဲ့တာဝန်တွေ ကျေရဲ့လားဆိုတာကို လိုက်ပြီးကြည့်ဖို့ဟာ ကျွန်မတို့ရဲ့ အကြောင်းတစ်ခုဖြစ်ပါတယ်။ တနင်္သာရီကို မရောက်တာ ကြာပါပြီ။ ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင်က ရောက်တယ်၊ နောက်ပိုင်း မရောက်ဖြစ်တာ သုံးနှစ်လောက် ရှိသွားပါပြီ။ အဲဒီလို အချိန်အတွင်းမှာ ဘယ်လောက်တိုးတက်မှုရှိသလဲဆိုတာ သိချင်လို့လာတာဖြစ်ပါတယ်။ တစ်နှစ်နဲ့တစ်နှစ် တိုးတက်မှုဆိုတာကတော့ ရှိရမယ်။ ကျွန်မသတိပြုမိတာကတော့ တစ်တိုင်းပြည်လုံးရဲ့တချို့နေရာတွေမှာ ပိုပြီးတော့ တိုးတက်တယ်။ တချို့နေရာတွေမှာ တိုးတက်မှုက နှောင့်နှေးတယ်။ တိုးတက်မှုအရှိန်က တစ်နေရာနဲ့ တစ်နေရာ မတူတာကတော့ အကြောင်းကြောင်းကြောင့် ဖြစ်နိုင်ပါတယ်။

တချို့နေရာတွေက ပထဝီအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုလုပ်ဖို့ ခက်ခဲတဲ့နေရာတွေလည်း ရှိပါတယ်။ တချို့ကျတော့ လုပ်ဖို့ကိုင်ဖို့ မပီပြင်လို့ ဖြစ်ပါတယ်။ ဒါတွေဟာ ဘယ်ဘက်ကနေပြီး အားနည်းချက်ရှိသလဲဆိုတာကို ကျွန်မတို့က လေ့လာသုံးသပ်ပြီးတော့ အတတ်နိုင်ဆုံး ဒီအားနည်းချက်တွေကို ဖယ်ရှားဖို့ အစိုးရကနေပြီးတော့ တာဝန်အရလုပ်သွားမှာဖြစ်ပါတယ်။

ကျွန်မ ဒီမလာခင်မှာ အ.ထ.က (၇)ကို ရောက်ခဲ့ပါတယ်။ အဲဒီက ကလေးတွေက ဒီနေ့ ဖေဖေရဲ့(၁၀၄) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အနေနဲ့ လုပ်တဲ့ပြိုင်ပွဲတွေမှာ ဖေဖေမိန့်ခွန်းပြောတာတွေကို သရုပ်ဆောင်ပြကြပါတယ်။ ကလေးတွေက တော်လွန်းလို့ အဲဒီလိုလုပ်မယ်မှန်းသိရင် ကျွန်မကိုယ်တိုင်မိန့်ခွန်းပြောဖို့ မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီတုန်းက ဖေဖေပြောခဲ့တဲ့ မိန့်ခွန်းတွေက အခုထိမှန်နေတာပဲ။ အခုထိမှန်နေတယ်ဆိုတာ ဒါကို ကျွန်မတို့စဉ်းစားစရာအများကြီး ဖြစ်ပါတယ်။ လွတ်လပ်ရေးမရခင်ကာလတုန်းက ကျွန်မတို့နိုင်ငံရဲ့ အခြေအနေနဲ့ အခုလွတ်လပ်ရေးရပြီးလို့ (၇၁)နှစ်ပြည့်သွားပြီ။ အဲဒါတောင်မှ ကျွန်မတို့ အရင်အခြေအနေကနေ ပြောင်းလဲမှုဟာ မရှိသေးဘူးလားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။

### ပညာရေးစနစ်ရဲ့မူတွေ ပြောင်းလဲ

တချို့နေရာတွေမှာတော့ တိုးတက်မှုကို သိသိသာသာ တွေ့မြင်ခဲ့ရပါတယ်။ အားလည်းတက်ပါတယ်။ အဓိကအားဖြင့် ကျွန်မအားတက်တဲ့ တိုးတက်မှုတစ်ခုက ကျွန်မတို့ရဲ့ကလေးသူငယ်များရဲ့ စိတ်ဓာတ်ဟာ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာကို တော်တော်ပြောင်းလဲတာကို တွေ့ရပါတယ်။ အဲဒါကလည်း တစ်နည်းအားဖြင့် ပညာရေးစနစ်ရဲ့ မူတွေ ပြောင်းလဲသွားလို့လည်း ဖြစ်နိုင်ပါတယ်။ ပြည်သူလူထုတွေကိုယ်တိုင်က စိတ်ဓာတ်တွေ ပြောင်းလဲသွားလို့ ဖြစ်နိုင်ပါတယ်။ မှန်ကန်တဲ့ဘက်ကို ပြောင်းလဲသွားတဲ့စိတ်ဓာတ်တွေကို ထိန်းသိမ်းထားပြီးတော့ ဆက်လက်ပြောင်းလဲဖို့လည်း ကျွန်မတိုက်တွန်းချင်ပါတယ်။

တကယ်အောင်မြင်ချင်တယ်ဆိုရင် စည်းကမ်းရှိရမယ်၊ အလုပ်လုပ်ရမယ် ဒါက အဓိကပဲ။ ကျွန်မတို့ပြောကြတဲ့ဘဝမှာ အောင်မြင်ဖို့ဆိုရင် ကံ၊ ဉာဏ်၊ ဝီရိယစိုက်ထုတ်ရမယ်။ ကံဆိုတာက ပြုလုပ်ခြင်းပါပဲ။ တချို့တွေက ကံဆိုတာ အတိတ်ကံကိုပဲ စိတ်ကရောက်သွားပါတယ်။ ဒါပေမယ့် ကံဆိုတဲ့ အနက်အဓိပ္ပာယ်က ပြုလုပ်ခြင်းပဲ။ ကိုယ်လုပ်သလို ကိုယ်ဖြစ်မယ်၊ ကံကံ၏အကျိုးဆိုတာ ဒါကိုပဲပြောတာပါ။ လုပ်တဲ့အတိုင်းပဲ ဖြစ်လာလိမ့်မယ်။ ကိုယ့်လုပ်ရပ်တွေရဲ့အကျိုးဆက်တွေကို မမြင်ပေမယ့်လည်း နောင်တစ်ချိန် တစ်ခါမှ လိုက်လာမှာပဲဆိုတဲ့ အဓိပ္ပာယ်ပါ။

### ကျောင်းတွေကို အထူးအလေးပေးထားပြီး သွားပြီးကြည့်

ကျွန်မ မကြာခဏပြောတဲ့ ဒီလောကကြီးမှာ အလကားရတယ်ဆိုတာ ဘာမှမရှိဘူး။ ကိုယ်ပေးရင် ပေးသမျှပြန်ရတာပဲရှိတယ်။ စေတနာပေးရင် စေတနာပြန်ရမယ်။ မေတ္တာပေးရင် မေတ္တာပြန်ရမယ်။ လောဘပေးရင် လောဘပြန်ရမယ်။ ဒေါသပေးရင် ဒေါသပြန်ရမယ်။ ကိုယ်ပေးသလောက်ပဲ ကိုယ်ပြန်ရမယ်။ ဘာမှတော့ အလကားမရပါဘူး။ ကျွန်မတို့နိုင်ငံ တိုးတက်ဖို့ဆိုရင် အားလုံးကနေ ဝိုင်းဝန်းပြီးတော့ ကြိုးစားဖို့၊ စည်းကမ်းရှိရှိနဲ့ လုပ်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မက ကျောင်းတွေကို အထူးအလေးပေးထားပြီး သွားပြီးကြည့်တာဟာ ကျွန်မတို့ရဲ့ကလေးသူငယ်များ မှန်ကန်တဲ့လမ်းပေါ်မှာ လျှောက်နေရဲ့လား။ တိုးတက်မှုတွေရှိရဲ့လားဆိုတာ သိချင်လို့ပါ။

ဒီနေ့ ကျောင်းမှာ ဆုပေးပွဲဆိုတော့ ကလေးတွေနဲ့ တွေ့ခွင့်မရခဲ့ပါဘူး။ ဒါပေမယ့် တခြားပြည်နယ်တွေ၊ တိုင်းတွေရောက်တဲ့အခါမှာ ကလေးတွေနဲ့တွေ့တဲ့အခါ ကျွန်မ သဘောအကျဆုံးကိစ္စတစ်ခုက ကလေးတွေက မကြောက်တဲ့စိတ်၊ မေးတာ၊ ဖြေတာ မကြောက်ကြဘူး။ ရှက်တာလေးတော့ ရှိပါတယ်။ ဒါကတော့ သဘာဝကျပါတယ်။ သူစိမ်းတွေနဲ့ ကိုယ်မသိတဲ့သူတွေနဲ့ ပထမဦးဆုံးအကြိမ်တွေ့တယ်ဆိုရင် ရှက်တာတွေ ရှိပါတယ်။ ဒါပေမယ့် ကလေးတွေက မကြောက်ဘူး။ ရဲရဲတင်းတင်းနဲ့

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

မေးတာကို ဖြေနိုင်တယ်။ သူတို့တတ်တာလေးတွေကို သူတို့က ထုတ်ပြချင်တယ်။ ပွင့်ပွင့်လင်းလင်းရှိတယ်။ ကျွန်မတို့ ဒီတစ်ခုနဲ့ပဲ လမ်းမှန်ပေါ်ရောက်ပြီ၊ ဆက်ပြီးလမ်းမှန်ပေါ်နေဖို့ လိုတယ်ဆိုတာ ပြောချင်ပါတယ်။ အစကောင်းမှ အနှောင်းသေချာတယ်ဆိုသလို ကလေးတွေက အစတော့ကောင်းသွားပြီ ကလေးတွေက မကြောက်ဘူး၊ ကျောင်းလာရတာလည်း ပျော်ပုံရကြတယ်။ ကျောင်းလာရတာပျော်ရဲ့လားလို့ ကျွန်မမေးတော့ ပျော်ပါတယ်တဲ့။ ကလေးတွေက ဆရာမရှေ့မှာမို့ ပျော်တယ်လို့ဖြေတာ မဟုတ်ဘူးလို့ ကျွန်မထင်ရတဲ့အကြောင်းက သူတို့မျက်နှာတွေက ပွင့်ပွင့်လင်းလင်း ရွှင်ရွှင်လန်းလန်းရှိတယ်။ ကလေးတွေက စာသင်နေရုံတင် မကဘူး ကစားနည်းနဲ့ စာသင်တယ်။ ကစားနည်းနဲ့ စာသင်တဲ့ အခုကျွန်မတို့ ချမှတ်ထားတဲ့ မူဝါဒတွေဟာ စပြီးအကောင်အထည်ပေါ်နေပြီဆိုတော့ ကျွန်မအနေနဲ့ အင်မတန်မှဝမ်းသာပါတယ်။

**အဘက်ဘက်က တွက်ရ**

ကျွန်မတို့နိုင်ငံ သွားဖို့ခရီးက အင်မတန်ဝေးပါသေးတယ်။ ဖေဖေ့မိန့်ခွန်းထဲမှာဆိုရင် နောက်အနှစ်နှစ်ဆယ် ကြာဦးမယ်။ အခမဲ့မူလတန်းပညာသင်ရေး ဒီနိုင်ငံမှာရှိဖို့ဆိုတာ နောက်အနှစ်နှစ်ဆယ်လောက် ကြိုးစားရမယ်ဆိုတာ ဘာလို့ ဒီလိုပြောသွားလဲဆိုရင်၊ အလုပ်တစ်ခုကိုလုပ်ဖို့ဆိုတာ အဘက်ဘက်က တွက်ရတယ်၊ အလွယ်တွက်လို့ မရဘူး။ သိပ်ပြီးတော့ အကောင်းမြင်ဝါဒနဲ့ ဆိုရင်လည်း မအောင်မြင်နိုင်ဘူး၊ အဆိုးမြင်ဝါဒများရင်လည်း မအောင်မြင်နိုင်ဘူး။ အကောင်းမြင်ဝါဒများရင် ဖေဖေပြောသလို လွတ်လပ်ရေးရရင် ပဒေသာပင်ကြီး ပေါက်တယ်လို့ တချို့က ထင်ကြတယ်။ အဲဒါမဟုတ်ဘူး။ ကိုယ်ကြိုးစားမှု၊ လုပ်မှု၊ စည်းကမ်းရှိမှု၊ ရှိန်းကန်မှု ဒါတောင်အဲဒီထဲကနေပြီး အချိန်ကလည်း ယူသင့်သလောက် ယူရသေးတယ်ဆိုတာ ပြောသွားတာပါ။

**ဒီမိုကရေစီရဲ့ အခွင့်အရေးတွေရှိ**

ကျွန်မတို့ ဒီမိုကရေစီပြောင်းလဲရေးဆိုတာလည်း ဒီလိုပါပဲ၊ ဒီမိုကရေစီရရချင်း ပဒေသာပင်ပေါက်လာမယ်လို့ ထင်ခဲ့တဲ့ သူတွေ အများကြီးရှိပါတယ်။ ထပ်တလဲလဲပြောပါတယ်၊ ဒီလို မဟုတ်ဘူး ဒီမိုကရေစီဆိုတာ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ် ကိုယ့်နိုင်ငံအကျိုးအတွက်၊ ကိုယ့်အကျိုးအတွက် ဥပဒေဘောင် အတွင်းက လုပ်ပိုင်ခွင့်ပေးတဲ့စနစ်ဆိုပြီး ပြတ်ပြတ်သားသား ပြောသွားပါတယ်။ ဒီမိုကရေစီရဲ့အခွင့်အရေးတွေရှိသလို တာဝန်တွေ ရှိပါတယ်။ အခွင့်အရေးဆိုရင် ဥပမာ- ကိုယ်ကြိုက်တဲ့အစိုးရကို ကိုယ်ရွေးချယ်နိုင်တယ်၊ ဘယ်သူ့ကိုမှ မတရားမလုပ်ရင်၊ ကိုယ့်ကိုဘယ်သူမှ မတရားမလုပ်နိုင်ဘူး။ လုံခြုံရေးက အခြေခံအားဖြင့် ပေးရမယ်၊ အခြေခံပညာရေး၊ ကျန်းမာရေးကို ဂရုစိုက်တဲ့ အစိုးရမျိုး ပေါ်ပေါက်ဖို့အခွင့်အရေးတွေရှိတယ်။ ဒီမိုကရေစီအရ အခြေခံပညာရေး၊ ကျန်းမာရေး အလကားပေးရမယ်ဆိုတာ ဘယ်မှာမှမပါဘူး။

သို့သော်လည်း ပြည်သူလူထုက မဲဆန္ဒပေးတဲ့အခါ သူတို့ရဲ့အကျိုးစီးပွားအတွက် ထမ်းဆောင်မယ့် အဖွဲ့အစည်းကိုပဲ ပေးမှာပါ။ အဲဒီတော့ ပြည်သူလူထုအကျိုးစီးပွားအတွက် အဓိကကျတဲ့အထဲမှာ ကျန်းမာရေးနဲ့ ပညာရေးပါတယ်။ ဘယ်သွားသွား အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘာအလိုအပ်ဆုံးလဲမေးရင် ဒီအချက်တွေက တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး ၊ ခြောက်ဆိုပြီး ကျလာတာပဲ။ ပထမဦးဆုံးက ရေရရှိရေး၊ သောက်သုံးရေရှားပါးတဲ့နေရာမှာ နံပါတ်တစ်ရေရှိရေး အများပြောတယ်၊ ဒါကလည်း လက်တွေ့ကျတယ်။ လမ်းပန်းဆက်သွယ်ရေးရဖို့၊ လျှပ်စစ်မီးရဖို့၊ ပညာရေးကောင်းဖို့၊ ကျန်းမာရေးကောင်းဖို့ နောက်ပိုင်းသိမ်းဆည်းထားတဲ့ လယ်ယာမြေပြန်လည်ပေးဖို့အတွက်လည်း ပြောလာပါတယ်။ နောက်ဆုံးကနေပြောမယ်ဆိုရင် ဒီကိစ္စကိုလည်း ပြည်သူတွေ သိချင်မှာဆိုတော့ ၁၉၈၈ ခုနှစ်နောက်ပိုင်းသိမ်းခဲ့တဲ့ လယ်ယာမြေတွေ ပြန်ပေးရေးဆိုပြီး လွှတ်တော်ကနေ ဆုံးဖြတ်ချက်ချ အတည်ပြုခဲ့ပါတယ်။ အဲဒီအတိုင်းပဲ ဆောင်ရွက်နေပါတယ်။ တစ်ခါတလေ ပြဿနာတက်တာက ပိုင်ရှင်ဘယ်သူဆိုတာ မရှင်းရင်ပိုင်ရှင်များအကြား၊ ပိုင်ရှင်ဖြစ်နိုင်ခြေရှိတဲ့ သူများအကြား ဥပဒေအရ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်နေရင် ကြာတတ်တယ်။ တစ်ခါတလေ သိမ်းထားတဲ့သူတွေက ပြန်မပေးချင်တော့ အမျိုးမျိုးဆင်ခြေတွေတက်လို့ ကြာသွားတာလည်း ပါတတ်တယ်။ အဲဒါတွေကို အားလုံးကျော်လွှားဖို့ ကျွန်မတို့အနေနဲ့ အဓိကအားစိုက်ပြီး လုပ်နေပါတယ်။ ဒီဟာတွေကို တာဝန်ယူထားတာက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖြစ်ပါတယ်။

**အကြွေးကျန်တွေကို ဆပ်နေရ**

တဖြည်းတဖြည်း လယ်ယာတွေပြန်ပေးနိုင်တဲ့ အခြေအနေရောက်ပါပြီ။ ပြည်သူလူထုက မြန်မြန်ဖြစ်စေချင်သလို၊ ကျွန်မတို့ကလည်း ပိုပြီးတော့ မြန်မြန်ဖြစ်စေချင်ပါတယ်။ ကျွန်မတို့ရဲ့ အစိုးရသက်တမ်း နှစ်နှစ်ကျော်ကာလ သုံးနှစ်ပြည့်တော့မယ်၊ နှစ်လလောက်ဆိုရင် သုံးနှစ်ပြည့်သွားပြီ၊ ဒီကာလအတွင်းမှာ ဆိုရင် ဆယ်စုနှစ်ပေါင်း အကြွေးကျန်တွေကို ဆပ်နေရသလို ဖြစ်ပါတယ်။

ဒါမျိုးဆိုတာကတော့ နေ့ချင်းညချင်းတော့ မပြီးနိုင်ပါဘူး။ ဒါပေမယ့် တတ်နိုင်သမျှ အမြန်ဆုံးပြီးအောင် ကျွန်မတို့ ကြိုးစားနေပါတယ်။ ကျွန်မတို့ ပြည်သူလူထုကို ပေးခဲ့တဲ့ ကတိကဝတ်တွေ ရှိပါတယ်။ အဲဒီ ပြည်သူလူထုကိုပေးခဲ့တဲ့ ကတိကဝတ်တွေဟာ အဖွဲ့ချုပ်စတင်ထူထောင်စဉ်ကတည်းက ပေးခဲ့တဲ့ ကတိကဝတ်တွေပါ။ ဒါတွေကို ပြည်သူတွေက မေ့လား မမေ့လားမသိဘူး။ ကျွန်မတို့ကတော့ ဘယ်တော့မှ မမေ့ပါဘူး။ ပထမဦးဆုံးက အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး ဒီဟာကို ကျွန်မတို့ ဦးတည်ရမယ်။ ဒါပြီးရင် တရားဥပဒေစိုးမိုးရေးကို ဦးတည်ရမယ်လို့ ကျွန်မတို့ ပြောပါတယ်။ နောက်ပြီး ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်ပါတယ်။

**အင်မတန်မှ အရေးကြီး**

တချို့တွေက အဲဒါကို မေးခွန်းထုတ်ကြတယ်။ ဘာဖြစ်လို့ တရားဥပဒေစိုးမိုးရေးကို ငြိမ်းချမ်းရေးအရှေ့ကနေ ထားသလဲဆိုတော့ ငြိမ်းချမ်းရေးထိန်းသိမ်းဖို့ဆိုရင် တရားဥပဒေစိုးမိုးရေး လိုပါတယ်။ တရားဥပဒေမရှိတဲ့နေရာ၊ လုံခြုံရေးပျက်ပြားနေတဲ့ နေရာမှာ ဘယ်လိုမှ ငြိမ်းချမ်းရေးကို ရေရှည်ထိန်းသိမ်းသွားနိုင်မှာ မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တရားဥပဒေစိုးမိုးရေးရှိဖို့က အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့်မို့ တရားဥပဒေစိုးမိုးရေးကို ကျွန်မတို့ အမြဲတမ်း ထိပ်တန်းတင်ပြီး ပြောခဲ့တာပါ။ အခုလည်း ဒီအတိုင်းပါပဲ ခံယူပါတယ်။ တရားဥပဒေစိုးမိုးရေးမရှိရင် ကျွန်မတို့ရဲ့ တခြားရည်မှန်းချက်တွေဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လူမှုဘဝစီးပွားတိုးတက်ရေးတွေဆိုတာဟာ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။ နောက်တစ်ချက် ကျွန်မတို့ ပြည်သူလူထုကို ကတိပေးခဲ့တာကတော့ ကျွန်မတို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ခု ပေါ်ပေါက်လာရေးအတွက် ပြုပြင်ပြောင်းလဲဖို့ ဦးတည်ပါမယ်ဆိုပြီး ကတိပေးခဲ့တယ်။ အဲဒီအတိုင်းပဲ အများလည်းသိပြီးဖြစ်တဲ့ လွှတ်တော်ထဲမှာစပြီးတော့ ဒီခြေလှမ်းတွေကို စနေပါတယ်။ ကျွန်မတို့ ပြည်သူတွေကို မတည်နိုင်တဲ့ကတိကိုလည်း လွယ်လွယ်မပေးဘူး။ သေသေချာချာ လုပ်နိုင်တယ်ဆိုတဲ့ဟာကျရင် လုပ်မယ်လို့ ကျွန်မတို့ ပြတ်ပြတ်သားသား ပြောတယ်။

**ပေးတဲ့ကတိဆိုတာ တည်ရမယ်**

ချက်ချင်းလက်ငင်းလုပ်လို့မရတဲ့ဟာဆိုရင် လုပ်ဖို့ ဦးတည်မယ်၊ လုပ်ဖို့ကြိုးစားမယ်လို့ ပြောပါတယ်။ ဒါပေမယ့် ဘယ်တော့မှ ကျွန်မတို့ ပြည်သူကို လွယ်လွယ်နဲ့ ကတိမပေးပါဘူး။ ပြည်သူကို လွယ်လွယ်နဲ့ ကတိပေးတယ်ဆိုတာ တကယ်တော့ ပြည်သူကို မလေးစားရာ ရောက်ပါတယ်။ လွယ်လွယ်နဲ့ သူတို့ကြားချင်တာ ပြောလိုက်မယ်ဆိုတဲ့ အဓိပ္ပါယ်ပါ။ အဲဒါဟာ မလေးစားရာ ရောက်တယ်၊ တန်ဖိုးမထားရာရောက်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မလေးစား၊ တန်ဖိုးမထားရာရောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပေးတဲ့ကတိဆိုတာ တည်ရမယ်။ မတည်နိုင်ရင် ဒီကတိကို မပေးရဘူး။ ကျွန်မတို့ ဒီမူတွေအပေါ်မှာ အခြေခံပြီးတော့ ပြည်သူလူထုနဲ့ ဆက်ဆံခဲ့ပါတယ်။ ကျွန်မတို့အဖွဲ့ချုပ်အနေနဲ့ လိပ်ပြာလည်း သန့်ပါတယ်။ ဘယ်တုန်းကမှ ပြည်သူလူထုကို

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရ ကျောင်းသား ကျောင်းသူများ၏ အနုပညာပြခန်းကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ-သက်အောင်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သဘာဝငှက်အိမ်၌ ငှက်သိုက်ထုတ်လုပ်နိုင်ရန် ဇီဝဗိုးငှက်များ မွေးမြူထားမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်



*စာမျက်နှာ ၆ မှ*

လှည့်ဖြားခဲ့တာမရှိဘူး။ ပြည်သူလူထုနစ်နာမယ့် ကိစ္စတွေကို ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး။ ခံစရာရှိရင် ကျွန်မတို့ခံမယ်။ လုပ်စရာရှိတာ လုပ်ရမယ့်ဟာကို ကျွန်မတို့လုပ်မယ်။ ဒါပေမယ့် ပြည်သူလူထုကလည်း ကိုယ့်တာဝန်ကို ကိုယ်ကျေရမယ်ဆိုတာ အခေါက်ခေါက်အခါခါ ပြောပါတယ်။

**အခွင့်အရေးလိုချင်ရင် တာဝန်ကျေရမယ်**

ဖေဖေပြောသလို လွတ်လပ်ရေးရတာနဲ့ ပဒေသာပင်ကြီး ပေါက်လာမှာ မဟုတ်ပါဘူးဆိုသလို ဒီမိုကရေစီရတာနဲ့ပဲ အခွင့်အရေးတွေအားလုံးဟာ အလိုလိုဖြစ်လာမှာ မဟုတ်ပါဘူး။ ဒီအခွင့်အရေးတွေကို ဆက်ပြီးတော့ ထိန်းသိမ်းနိုင်ဖို့အတွက် ကိုယ်ကလည်း ကိုယ့်တာဝန်ကိုယ်ကျေဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူလူထုကို ကျွန်မက ခဏခဏ သတိပေးပါတယ်။ အခွင့်အရေးလိုချင်ရင် တာဝန်ကျေရမယ်။ ကိုယ့်တာဝန်ဘာမှန်းမသိရင် အခွင့်အရေးတောင်းနေတာဟာ ဒါဟာမဆီလျော်ဘူး။ အဲဒီတော့ ကိုယ့်တာဝန်မကျေရင် ကိုယ့်အခွင့်အရေးတွေလည်း ကိုယ်ရနိုင်မှာ မဟုတ်ပါဘူး။

အခု တစ်တိုင်းပြည်လုံးက ရောက်နိုင်တဲ့နေရာကို သွားတဲ့အခါ ပြည်သူလူထုနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ပါတယ်။ ပြည်သူလူထုနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်တဲ့အခါမှာ အများအားဖြင့်တော့ ညွှန်ကြားချက်ပေးမယ်၊ သြဝါဒစကားပြောမယ်ဆိုပြီး အစီအစဉ်ထဲမှာ ထည့်ပါတယ်။ တကယ်တော့ အဓိကအားဖြင့် ညွှန်ကြားချက်ပေးဖို့လည်း မဟုတ်ပါဘူး။ သြဝါဒပေးဖို့လည်း မဟုတ်ပါဘူး။ ကျွန်မတို့ပါတီရဲ့ အစိုးရအဖွဲ့အနေနဲ့ ဘယ်လိုရပ်တည်ချက်တွေရှိလဲ၊ ဘာတွေလုပ်နေလဲဆိုတာကို ပြည်သူလူထုကို အသိပေးဖို့ပဲ။ ပြည်သူလူထုရဲ့အသံကို ပြန်ပြီး နားထောင်ဖို့ပဲ။ အသံကိုနားထောင်တယ်ဆိုတာ ပြည်သူလူထုရဲ့ စိုးရိမ်ပူပန်မှုတွေက ဘယ်လိုရှိတယ်၊ မျှော်လင့်ချက်တွေက ဘယ်လိုရှိတယ်၊ ပြည်သူလူထုကြားထဲမှာ ကြီးထွားနေတဲ့ ပြဿနာတွေကို ဘယ်လို အမြန်ဆုံးဖြေရှင်းပေးနိုင်မလဲဆိုတဲ့ နည်းလမ်းတွေ ရှာဖို့ပဲဖြစ်ပါတယ်။

**သတိပြုစေချင်**

ဒီလို အရပ်ရပ် အရွာရွာသွားရင် တစ်နေရာနဲ့ တစ်နေရာ တောင်းတဲ့ကိစ္စတွေက သိပ်ပြီးတော့ မကွာခြားပါဘူး။ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ ဆက်နွှယ်နေတဲ့ ကိစ္စတွေပဲ ဖြစ်ပါတယ်။ တချို့ကိစ္စတွေက တကယ်တော့ အဖြေတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေက ပေးနိုင်တဲ့အဖြေတွေပါ။ အဲဒါကြောင့် ကျွန်မသတိပြုမိတာက တချို့နေရာမှာဆိုရင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေနဲ့ ပြည်သူလူထုကြားမှာ ဆက်ဆံတာဟာ နီးကပ်သင့်သလောက် မနီးကပ်ဘူးလို့ မြင်ပါတယ်။ နီးကပ်တယ်ဆိုရင် ဒီလိုအဖြေတွေကို ပြည်သူလူထုက သိပြီးသားဖြစ်ရပ့်ါမယ်။ ဗဟိုကလာမှ မေးရမယ့်မေးခွန်းတွေမဟုတ်ပါဘူး။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများကနေပြီး အဖြေပေးနိုင်မယ့် ကိစ္စရပ်တွေပဲ ဖြစ်ပါတယ်။ အဲဒါကိုတော့ သတိပြုစေချင်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေနဲ့ သက်ဆိုင်ရာ ပြည်သူလူထုတွေကြားမှာ ပိုပြီးတော့ နီးနီးကပ်ကပ်ဆက်ဆံရေး၊ ထိတွေ့ရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။ ရှိလည်း ရှိသင့်ပါတယ် ဟု ပြောကြားပြီး ဒေသခံပြည်သူများ တင်ပြထားသည့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဘဏ္ဍာငွေခွဲဝေပေးနေမှု၊ တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်ပေးရမည့်လုပ်ငန်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် လူထုတွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက မြစ်ရေကြီးမှုကာကွယ်ပေးရေး၊ Universal Healthcare Law ပြဋ္ဌာန်းပေးရေး၊ မြေငှားခအခွန်များ စည်းကြပ်ပေးရေး၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားများအတွက် ပင်လယ်ပြင်ကျွန်းများတွင် သန့်စင်ခန်းများ ဆောင်ရွက်ခွင့်ပြုရေး၊ ငါးလေးလံဈေး အမြန်ဆောင်ရွက်ပေးနိုင်ရေး၊ မောတောင်နယ်စပ်ဂိတ်ဖွင့်လှစ်ပေးနိုင်ရေး၊ တိုင်းဒေသကြီးအတွင်း ရေအားလျှပ်စစ် အကောင်အထည်ဖော်ဆောင်ပေးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရေး၊ တိုင်းရင်းသား ဘာသာစကား သင်ကြားပေးနိုင်ရေး၊ မောတောင်နှင့် ထိုင်းနိုင်ငံဘက်ခြမ်း မြို့နယ်အဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အမြဲတမ်းဖွဲ့စည်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေးရေး၊ ဒီရေတောများအား စနစ်တကျထားရှိပေးရေး၊ မြိတ်နည်းပညာတက္ကသိုလ် မြေယာကိစ္စများ အမြန်ဖြေရှင်းပေးရေး၊ ပင်လယ်ပြင် ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်ရေး ဖြေလျှော့ပေးနိုင်ရေး လိုအပ်သည့်ကိစ္စများ၊ ဆရာ၊ ဆရာမ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ မြေယာအမှုကိစ္စကြောင့် တရားစွဲဆိုခံရသည့် အခြေအနေ ကူညီဖြေရှင်းပေးရေးစသည့် ကိစ္စရပ်များကို တင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ချက်ချင်းဆောင်ရွက်ပေးမည့် အစီအမံများ၊ အချိန်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုတွေ့ဆုံပွဲမှ ပြည်သူများ၏ တင်ပြချက်များကို အလေးထားသွားမည် ဖြစ်ကြောင်း၊ တချို့ပြဿနာများကို မဖြေရှင်းပေးနိုင်သော်လည်း မဖြေရှင်းပေးနိုင်သည့် အကြောင်းအရင်းကို ပြန်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယင်းကိစ္စကို အခြားအဖြေရှာပေးသွားမည်ဖြစ်ကြောင်း၊ ဖြေရှင်းပေးနိုင်သည်များကို အမြန်ဆုံး ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ လောကတွင် ပြဿနာအားလုံးအတွက် အဖြေတစ်ခုတည်းရှိသည် မဟုတ်ပါကြောင်း၊ အဖြေတစ်ခုမရလျှင် နောက်အဖြေတစ်ခု ရှာကြံ၍ရပါကြောင်း၊ တင်ပြချက်များကို မှတ်တမ်းတင်ထားပါကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ပြည်သူများ၏ တင်ပြချက်များကို အလေးအနက်ထား အကောင်အထည်ဖော်သွားပေးမည် ဖြစ်ပါကြောင်း၊ ယခုလို လာရောက်တင်ပြကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် လူထုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်များနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သဘာဝငှက်အိမ်သို့ရောက်ရှိပြီး ငှက်သိုက်ထုတ်လုပ်နိုင်ရန် ဇီဝဗိုးငှက်များ မွေးမြူထားမှုကို ကြည့်ရှုသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မွေးနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူများပြား




ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူများအား တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သော ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၅) ဗိုလ်ချို(၁) ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်း ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၌ ယနေ့ နံနက် ၉ နာရီခွဲမှစ၍ ဗိုလ်ချုပ်မွေးနေ့တွင် ယခင်ရက်များထက် ပြည်ပခရီးသွားဧည့်သည်များနှင့် ပြည်တွင်းမှ လာရောက်လေ့လာ ကြည့်ရှုသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ကြည့်ရှုသူ ၈၀၀ ကျော်ရှိ**

ထို့ပြင် ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဗိုလ်ချုပ်အောင်ဆန်း ၁၀၄ နှစ်ပြည့် အထိမ်းအမှတ်မွေးနေ့အဖြစ် ပြတိုက်အဝင်အထွက်တွင် နံနက်ပိုင်းမှ စတင်၍ ပဲပြုတ် နံပြားများနှင့် လက်ဖက်ရည်များအား ပြည်သူများကို စေတနာကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ ဗိုလ်ချုပ်ပြတိုက်သို့ လာရောက်ကြည့်ရှုသူ အလုံမြို့နယ်မှ ဦးမင်းတင်မောင်အေးက "သား သမီးနဲ့ အိမ်ဘေးက ကလေးတွေ လာကြတာပါ။ ကျွန်တော်တို့မိသားစုက ဗိုလ်ချုပ်မွေးနေ့ မဟုတ်လည်း ပြတိုက်ကို မကြာခဏ ကလေးတွေနဲ့ လာဖြစ်ပါတယ်။ ဒီနေ့က ဗိုလ်ချုပ်မွေးနေ့ဆိုတော့ ပဲပြုတ် နံပြား အကြောင်းကို ကလေးတွေ ပြောပြခဲ့ပါတယ်" ဟု ပြောသည်။ ဗိုလ်ချုပ်မွေးနေ့တွင် ပြတိုက်သို့ ပြည်တွင်း ပြည်ပမှ လာရောက်ကြည့်ရှုသူ ၈၀၀ ကျော်ရှိကြောင်း သိရသည်။

**ဖွင့်လှစ်ပြသ**

ဗိုလ်ချုပ်ပြတိုက်ကို တနင်္လာနေ့နှင့် ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိပြီး ပြည်တွင်း သံဃာ၊ သီလရှင်၊ ကလေးနှင့် ကျောင်းသား ကျောင်းသူများကို အခမဲ့ဖြစ်ပြီး ပြည်ပ ဧည့်သည်တစ်ဦးလျှင် ကျပ်ငါးထောင်ဖြင့် ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဗလစိုး**

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **မိုး/ဇလ**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ် စက်မှု(၁) ပိုင် ကော်မှုန့်စက်ရုံ သုံးထပ်အဆောက်အဦကို ပြန်လည်မွမ်းမံပြင်ဆင် ၍ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းအသစ်(ဒိုက်ဦး)အဖြစ် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများ၊ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် ခရိုင်၊ မြို့ကြီးများတွင်သာ ဦးစားပေးတည်ထောင်ဖွင့်လှစ်ရေး စီမံဆောင်ရွက်လျက်ရှိသောကြောင့် ဒိုက်ဦးကော်မှုန့်စက်ရုံကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး အစိုးရနည်းပညာအထက်တန်းကျောင်းအဖြစ် လတ်တလောဖွင့်လှစ်ပေးနိုင်ခြင်း မရှိပါဟု ပညာရေးဝန်ကြီးဌာနမှ ဖြေကြားထားပါကြောင်း၊

## ဒိုက်ဦးကော်မှုန့်စက်ရုံ၏ သုံးထပ်အဆောက်အဦကို အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းအဖြစ် အသစ်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်မရှိ

စက်မှုဝန်ကြီးဌာနအနေဖြင့် ဒိုက်ဦးကော်မှုန့်စက်ရုံ၏ ပင်မကုန်ထုတ် သုံးထပ်အဆောက်အဦကို ဆေးဝါးသုံးအရက်ပြန်များနှင့် ဆေးဆီ၊ ဆေးရည်များ ပြောင်းလဲ


ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်


သံတွဲမဲဆန္ဒနယ်မှ
ဦးမင်းကြည်

ထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့အနေဖြင့်လည်း ဒိုက်ဦးကော်မှုန့်စက်ရုံ၏ သုံးထပ်အဆောက်အဦကို အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းအဖြစ် အသစ်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ နိုင်ငံတော်အတွက် လက်တွေ့ကျသော စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ပြောင်းလဲထုတ်လုပ်နိုင်ရေးကိုသာ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးအား ခုတင် (၁၀၀)ဆံ့ ဆေးရုံမှ ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ်သို့ ခွင့်ပြုခုတင် အသုံးချမှုရာခိုင်နှုန်းပြည့်မီပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံပါက တိုးမြှင့်ဖွင့်လှစ်ရန် ဆောင်ရွက်ပေးသွားမည်

သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်၏ **ရခိုင်ပြည်နယ် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးအား ခုတင် (၁၀၀)ဆံ့ ဆေးရုံမှ ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က သံတွဲမြို့ ပြည်သူ့ဆေးရုံတွင် ကျွမ်းကျင်ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအနေဖြင့် အထူးကုဆရာဝန်၊ သားဖွားမီးယပ်ဆရာဝန်၊ ကလေးဆရာဝန်၊ ဓာတ်မှန်ဆရာဝန်၊ လက်ထောက်ဆရာဝန်(ခွဲစိတ်)နှင့် (မျက်စိ) တို့ကို ခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်များအား ၂၀၁၉ ခုနှစ် မတ်လကုန်တွင် သစ်လွင်လက်ထောက်များ ခန့်ထားစဉ်တွင် လုပ်သက်ရ လက်ထောက်ဆရာဝန် ၁၀ ဦးအား ထပ်မံဖြည့်စွက်ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း၊ သူနာပြုများအနေဖြင့် သူနာပြုကြီး သုံးဦး၊ အထက်တန်းသူနာပြု ၂၁ဦး၊ သူနာပြု ၃၂ ဦး တိုးမြှင့်ခန့်ထားပေးပြီး ဖြစ်ပါကြောင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထောက်ပံ့ပေးမှုအနေဖြင့် ဗဟိုဆေးသိုလှောင်ရေးဌာနမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက်အထိ တန်ဖိုးငွေကျပ် ၂၇၆ သန်း ထောက်ပံ့ပေးထားပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအရ ခုတင်အဆင့်မြှင့်တင်ရန် ခွင့်ပြုခုတင် အသုံးချမှုရာခိုင်နှုန်း အနည်းဆုံး ခုတင် ၁၅၀ ရှိရမည့်အချက်နှင့် ပြည့်စုံရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ခွင့်ပြုခုတင် အသုံးချမှုရာခိုင်နှုန်းပြည့်မီပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များပြည့်စုံပါက တိုးမြှင့်ဖွင့်လှစ်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငြေး၏ **လေရှီးမြို့နယ် ပန်ဆပ်၊ မွန်းကိုင်လင်နှင့် မသော်ရီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနများတွင် စံကိုက်အဆောက်အဦ**


ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို


ဒိုက်ဦးမဲဆန္ဒနယ်မှ
ဦးဘုန်းမြင့်အောင်

**ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လေရှီးမြို့နယ်တွင် ကျေးလက်ကျန်းမာရေးစံကိုက် အဆောက်အဦတစ်ခု ဆောက်လုပ်ပြီးဖြစ်ပါကြောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ကိုးခု စံကိုက် ဆောက်လုပ်ဆဲဖြစ်ပါကြောင်း၊ အဆိုပါ ပန်ဆပ်၊ မွန်းကိုင်လင်နှင့် မသော်ရီ ကျေးလက်ကျန်းမာရေးဌာနတို့တွင် ကျန်းမာရေးဌာနပိုင် မြေအမည်ပေါက် မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ ရရှိသည့်နေ့မှစ၍ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဒေသပေါက်ဈေးနှင့် ရန်ပုံငွေရရှိရေးအတွက် ဦးစားပေးအစီအစဉ်အဖြစ် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်နှင့် နမ့်ဆန် မဲဆန္ဒနယ်မှ ဦးဝင်းထူးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က ရှင်းလင်းဖြေကြားကြသည်။

## စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြမည်

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **စားသုံးသူကာကွယ်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက် ၁၆ ချက်နှင့် သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့် အချက် ၇ ချက်တို့ကို လွှတ်တော်သို့တင်ပြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ရယူသင့်ကြောင်းကို ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

## အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများချမှတ်၍ တိုက်တွန်းအားပေးဖော်ဆောင် ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဆွေးနွေး

ထို့နောက် ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးတင်သွင်းသည့် **နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ကျန်းမာလန်းဆန်းဖြောင့်မတ်သော မျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက် ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးတို့နှင့်အတူ မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေနိုင်မည့် အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများချမှတ်၍ တိုက်တွန်းအားပေးဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်**က မြန်မာ့အားကစားကဏ္ဍ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်ရန်မှာ အခြေခံကျသည့် မြို့နယ်နှင့် ကျေးလက်ဒေသများမှ အားကစားကွင်းများ ဖော်ထုတ်ပေးခြင်း၊ လိုအပ်ချက်များကို ထောက်ပံ့ခြင်း၊ နည်းပညာအကူအညီပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းရေးနှင့် ပညာရည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် အထောက်အကူကိရိယာများမပါသည့် လေ့ကျင့်ခန်းများ ပြုလုပ်နိုင်သည့်နေရာများ စီစဉ်ပေးခြင်း၊ နယ်မြေအလိုက် သတ်မှတ်ထားသည့် အားကစားကွင်း၊ အားကစားရုံများ၌ အားကစားနည်းများကို ပြည်သူလူထု အခမဲ့ကစားခွင့်ရရှိနိုင်ရေးနှင့် အားကစားနှင့် ပတ်သက်၍ ပြည်သူလူထု ကျယ်ပြန့်စွာသိရှိနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင်၏ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်**က အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့် လက်တွေ့ကျသော စီမံချက်များ ချမှတ်ကာ နိုင်ငံသားအားလုံး၊ အဖွဲ့အစည်းများအားလုံးပါဝင်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံသားအားလုံး အားကစားလုပ်ကိုင်လိုစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် အသိပညာကြွယ်ဝလာစေရန်တို့ကို စည်းရုံးလှုံ့ဆော်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အားကစားအဖွဲ့ချုပ်များ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ပေးရန်လည်း လိုအပ်ပါကြောင်း၊ အားကစားနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊ အားကစားပညာအား အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုအဖြစ် ဖွံ့ဖြိုးလာစေရေးဆောင်ရွက်ပေးရန်နှင့် မျိုးဆက်သစ်လူငယ်၊ လူရွယ်အားကစားသမားများရရှိရေးအတွက် အခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်လာစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျောင်းသားမိဘများပူးပေါင်း၍ အဖြေရှာရန်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်နေသော အားကစားကဏ္ဍမှ စွမ်းရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည် ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်**က နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခုအချိန်တွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို ဘဏ္ဍာငွေပိုမိုခွဲဝေပေးထားသည်မှာ အလွန်ကောင်းမွန်သည့် အစီအစဉ်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ဘဏ္ဍာငွေပိုမိုရရှိလာသည်နှင့်အမျှ ကျန်းမာကြံ့ခိုင်စေရန် အဓိကဖြစ်သည့် အားကစားကဏ္ဍကို ဘဏ္ဍာငွေအချိုးကျခွဲဝေပေးနိုင်မည်ဆိုပါက မိမိတို့မျှော်မှန်းသည့် ကျန်းမာသန်စွမ်းပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် နိုင်ငံသားများပေါ်ထွက်လာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။


ဥပဒေကြမ်းကော်မတီဝင်
ဒေါက်တာဝေဖြိုးအောင်
အဆိုတင်သွင်းစဉ်။


ဒလမဲဆန္ဒနယ်မှ
ဒေါက်တာဦးစိန်မြအေး
အဆိုတင်သွင်းစဉ်။

ဆက်လက်၍ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းဝင်း၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လှ၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းနှင့် ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အားကစားနည်းပညာသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်နှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် လိုအပ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတော်၏ ပေါ်လစီများ၊ နိုင်ငံတော်၏ လိုအပ်သော ဘတ်ဂျက်များနှင့် နည်းပြဆရာများ စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ Human Capacity Building ကို ဦးစားပေးတည်ဆောက်ရန် လိုအပ်ပါကြောင်း၊ နောက်ပိုင်းတွင် Human Capacity Building တည်ဆောက်ရန် အားနည်းလာသည့်အတွက် အရည်အသွေးရှိ နည်းပြဆရာများရရှိရန် များစွာခက်ခဲလာပါကြောင်း၊

ကျောင်းနေသူနှင့် ကျောင်းပြင်ပလူငယ်များ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ ဉာဏ်ရည်မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးဖွားပြီးသည့် မိခင်များ၊ တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးစွဲ၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် လုပ်ကိုင်နေသူများ၊ လုပ်ငန်းခွင်ရှိပြည်သူများ၊ စစ်ဘေးရှောင်များ စသည်ဖြင့် အုပ်စုများစွာရှိရာတွင် ၎င်းတို့အတွက် လိုက်လျောညီထွေမှုရှိသော အားကစားများနှင့် ပြည်သူများအလွယ်တကူ သွားရောက်လေ့ကျင့်နိုင်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနေရာများ စီစဉ်ပေးခြင်းဖြင့် ကျန်းမာနုပျို၍ ကာယစိတ်ဓာတ်ဖွံ့ဖြိုးသည့် လူငယ်လူရွယ်များ တိုင်းပြည်အတွက် ရရှိလာမည်ဟု မျှော်လင့်မိပါကြောင်းနှင့် အဆိုအား အတည်ပြုသင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြင်ဆင်ချက် ဥပဒေကြမ်း (၁)ခု အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက် ကြသည်။

## လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့ရှိ ပိုင်ကျုံတံတားအား ရန်ပုံငွေရရှိပါက အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်

အစည်းအဝေးတွင် ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄) မှ ဒေါ်နန်းမိုးမိုးထွေး၏ **ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့ရှိ ပိုင်ကျုံတံတားအား ကွန်ကရစ်တံတား သို့မဟုတ် ဘေလီသံကြမ်းခင်းတံတားအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပိုင်ကျုံတံတားကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး မူလသစ်သားကြမ်းခင်းနေရာတွင် သံမဏိကြမ်းခင်း Steel Decking ပြောင်းလဲဆောင်ရွက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာ ရေးနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံ သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း များကို ဦးစွာဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဇော့တင်း၏ **ချင်းပြည်နယ် ပလက်ဝ မြို့တွင်း မြို့မရပ်ကွက်-ပလက်ဝ-မတူပီလမ်း အစမှစတင်၍ ကင်းဝကျေးရွာ ကုလားတန် မြစ်ကူး(ပလက်ဝ)တံတားအထိ လမ်းတာချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမခြောက်လ ဘတ်ဂျက်တွင် လျာထားဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က လွှတ်တော်ကိုယ်စားလှယ် တင်ပြတောင်းဆိုထားသော လမ်းပိုင်းဖြစ်သည့် (ကတ္တရာ လမ်းနှင့် ပျက်စီးနေသော ကွန်ကရစ်လမ်းအပါအဝင်) ၅ မိုင် ၅ ဖာလုံရှိသည့် လမ်းပိုင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ၃၄ ပေအကျယ် လမ်းတာချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေညှိခြင်း ၃ မိုင် ဆောင်ရွက်ပေးနိုင်ရန်အတွက် လျာထားရန်ပုံ ငွေကျပ် ၄၂၁၀ ဒသမ ၀ သန်း အားတင်ပြတောင်းခံထားပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြေကြားစဉ်။



ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး မေးမြန်းစဉ်။

## ချောက်မြို့နယ် စွယ်ပေါက်ကုံကျေးရွာနှင့် ညောင်ဇင်ကျေးရွာ ချင်းဆက်လမ်းအား ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၏ **မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ စွယ်ပေါက်ကုံကျေးရွာမှ ညောင်ဇင်ကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ပြုပြင်ထိန်းသိမ်းပြီး အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က စွယ်ပေါက်ကုံကျေးရွာမှ ညောင်ဇင်ကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ပြည်ထောင်စုရန်ပုံငွေနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေတို့တွင် ဘဏ္ဍာရေးနှစ်အလိုက် အပိုင်းအလိုက် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဒေါ်သီရိရတနာနှင့် တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန့်ဆွေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဟန်ဇော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

# ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံ စိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံ လမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံ မှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့်ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှား သော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီး အစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

၂၀၁၈ ခုနှစ်အတွက် အာဆီယံဆုကို ဖိလစ်ပိုင်နိုင်ငံမှ မစ္စစ် အာလင်ဒါယူကိုး က အားလုံးပါဝင်သည့် အာဆီယံအသိုက်အဝန်းဖော်ဆောင်ရာတွင် ၎င်း၏ ပါဝင် ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိသွားခဲ့ပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပ ခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် လီရှန်လုံးနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်တို့က အာဆီယံဆုဖလားနှင့် ဆုတော်ငွေတို့ကို မစ္စစ် အာလင်ဒါယူကိုးအား ပေးအပ်ချီးမြှင့် ခဲ့သည်။ အာဆီယံဆုအတွက် ထောက်ပံ့သော အဖွဲ့အစည်းများမှာ စင်ကာပူနိုင်ငံမှ တမားဆက်ဖောင်ဒေးရှင်း (Temasek Foundation)၊ ဖိလစ်ပိုင်နိုင်ငံမှ အရာလာ ကော်ပိုရေးရှင်း(the Ayala Corporation) နှင့် မလေးရှားနိုင်ငံမှ ယာယာစံ ဟဆနာ (Yayasan Hasanah) အဖွဲ့အစည်းတို့ဖြစ်သည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ များမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် လျှောက်ထား မည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ အတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက် ၍ အာဆီယံနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့်အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား(အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြ ရမည်ဖြစ်သည်။

အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/ call-nominations-asean-prize-2019/. တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် psaseanmmr@gmail.com ကို **၈-၃-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှု နိုင်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးစိုးလင်းဟန် ဥရောပကောင်စီဥက္ကဋ္ဌထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့ အကြီးအကဲ သံအမတ်ကြီး ဦးစိုးလင်းဟန်သည် ၎င်း၏ ဥရောပသမဂ္ဂ(ဥရောပ ကော်မရှင်/ဥရောပကောင်စီ)ဆိုင်ရာ ခန့်အပ်လွှာများကို ဇန်နဝါရီ ၂၃ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပကောင်စီ ဥက္ကဋ္ဌ မစ္စတာ ဒေါ့နယ်လ် တာ့ခ်(စ်)ထံ ပေးအပ် ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မြဝတီမြို့ အမှတ်(၃)ရပ်ကွက် မန်းဘခိုင်လမ်းရှိ Bright Star ကိုယ်ပိုင်မူလတန်း ကျောင်းမှ KG ကျောင်းသား ကျောင်းသူများနှင့် မိဘ၊ ဆရာ ဆရာမများ စုစုပေါင်း ၉၅ ဦးတို့သည် ဖေဖော်ဝါရီ ၁၀ ရက်တွင် လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဥပဒေ ပညာဌာန ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒုတိယနှစ် ဥပဒေကျောင်းသား ကျောင်းသူ များ၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေဒီပလိုမာသင်တန်း(အမှတ်စဉ် ၃ ) မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ စုစုပေါင်း ၁၀၉ ဦးတို့သည် ဖေဖော်ဝါရီ ၁၁ ရက်တွင်လည်းကောင်း အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာ ကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာသည့်ဧည့်သည် စုစုပေါင်း မှာ ပြည်တွင်းဧည့်သည် ၁၇၆၈ ဦးနှင့် ပြည်ပဧည့်သည် ၁၈၂၆ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖျော်ဖြေပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့ များ ပူးပေါင်းဖျော်ဖြေကြသည့် (၇၂)နှစ် မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖျော်ဖြေပွဲကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ဇာတ်ရုံ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ချင်းတောင်တန်းမှ ဖိတ်ခေါ်ပါတယ်"၊ "အဖြူရောင်သံစဉ်"၊ "မလိခအလွမ်း"၊ "လတ်တီး" နှင့် "ဥမကွဲ သိုက်မပျက်" သီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး တေးသံရှင် ပိုးမီက "အလိုက်တသိ"နှင့် "မင်းအတွက် သီချင်း" သီချင်းများဖြင့် သီဆိုဖျော်ဖြေ သည်။

ဆက်လက်၍ "ပြည်ထောင်စုကြီး ငြိမ်းချမ်းပါစေ" တေးသီချင်းဖြင့် တေးသံရှင် ပိုးမီက သီဆို၍ အနုပညာ ဦးစီးဌာနမှ အနုပညာရှင်များက စုပေါင်းသရုပ်ဖော် ကပြဖျော်ဖြေ ကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား တိုင်းရင်းသူ ရိုးရာယဉ်ကျေးမှု အကအဖွဲ့များက "တို့ချစ်တဲ့ပြည်ထောင်စု"၊ "တို့များ သွေးချင်း လော်ဝေါ်လူမျိုး"၊ "လှမ်းလာ ခဲ့ပါ ကယားမြေ"၊ "ဂေဘားမြေကို အလည်လာခဲ့ပါ"၊ "ငြိမ်းချမ်းဝေစည် ရှေ့သို့ချီ"၊ "စည်းလုံးညီညာ အောင် ကြောင်းဖြာ"၊ "သီတင်းကျွတ်ရင် နွဲ့ သပိတ်မျှောပွဲ"၊ "ပွင့်သောပန်းတိုင်း လှစေသည်"၊ "သာယာလှပ မွန်ဒေသ"၊ "ထွန်းကားခဲ့သည့် ဝေသာလီ"၊ "စည်းလုံးခြင်းသမိုင်း"၊ "သီကုံးမဝ ရှမ်းတောင်တန်းအလှ" တေးသီချင်းများ ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းရင်းသား တိုင်းရင်းသူ ရိုးရာယဉ်ကျေးမှု အကအဖွဲ့ များက "ပြည်ထောင်စုသည် အောင်မြင် ခြင်း"သီချင်းဖြင့် စုပေါင်းဖျော်ဖြေကြပြီး ဖျော်ဖြေပွဲအခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖျော်ဖြေပွဲသို့ ဌာနဆိုင်ရာ များမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစု များ၊ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ပြည်သူလူထုများ စည်ကား သိုက်မြိုက်စွာ လာရောက်ကြည့်ရှု အားပေးကြသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
သတင်းစဉ်

# “မိမိတို့ ဝန်ထမ်းများအနေဖြင့် လူများ၏သဘောထားအမြင် ပြောင်းလဲလာစေရန် ပြည်သူနှင့်တစ်သားတည်း ရပ်တည်ဆောင်ရွက်နိုင်သည့် အုပ်ချုပ်ရေးမဏ္ဍိုင် ဖြစ်လာစေရန် မခံချင်စိတ်နှင့်ပြောင်းလဲရန် စိတ်ပိုင်းဖြတ်ထားသည်များ ခိုင်ခိုင်မာမာရှိနေကြသည်ကို တွေ့ရှိရ၊ ခေတ်အဆက်ဆက် အုပ်ချုပ်ရေးစနစ်နှင့် နိုင်ငံရေး စနစ်အမျိုးမျိုးတွင် ထမ်းဆောင်ခဲ့သည့် ထွေအုပ်ဝန်ထမ်းများသည် ပြုပြင်ပြောင်းလဲရန် စိတ်ပိုင်းဖြတ်ပြီးနောက် ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မဖြစ်နိုင်တာမရှိဟု မိမိအခိုင်အမာ ယုံကြည်”

❖ *ကျောဖုံးမှ*

သိရှိနားလည် သဘောပေါက်ပြီး မိမိတို့၏ အလုပ်တာဝန်ကို တန်ဖိုးထား ဂုဏ်ယူတတ်ကြရန် အထူးပင်အရေးကြီးကြောင်းကို အလေးအနက်ထား ပြောကြားလိုပါကြောင်း။

**ဝန်ထမ်းများအလုပ်မာနထားရှိ**

ယနေ့မိမိတို့နိုင်ငံတွင် ထွေအုပ်ဆိုပါက လူများ၏အမြင်၊ လူများ၏ ဝေဖန်မှုများ မည်သို့ရှိသည်ကို အားလုံးသိရှိထားကြပြီးဖြစ်ပါကြောင်း၊ ယင်းကို စိတ်ပျက်အားလျော့စရာ မလိုပါကြောင်း၊ နိုင်ငံရေးစနစ်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ မူနှင့်အညီ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ကြရခြင်း ဖြစ်သည်ကို မိမိတို့နားလည်ထားရန် လိုပါကြောင်း၊ ပြောင်းလဲလာသည့် နိုင်ငံတော်၏ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၏ မျှော်မှန်းချက်များ ပြည့်ဝအောင် မိမိတို့ ဝန်ထမ်းများအားလုံး အလုပ်မာနထားရှိကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုပါကြောင်း။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၃/၂၀၁၈)၏ သဘောတူညီချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနလက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းတာဝန်ထမ်းဆောင်စေခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းသို့ ရွှေ့ပြောင်းပြီးသည့်နောက်တွင် မိမိတို့ဝန်ထမ်းများ မည်သို့ပြောင်းလဲပြီး လုပ်ကိုင်ကြရမည်ဆိုသည်မှာ အားလုံးသိချင်နေကြသည့် မေးခွန်းတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ လက်ကိုင်ထားရမည့် လမ်းညွှန်ချက်အနေဖြင့် နိုင်ငံတော်သမ္မတက ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း။

**ပြုပြင်ပြောင်းလဲလိုစိတ်အခြေခံ**

မိမိတို့ဝန်ထမ်းများ အနေဖြင့် တည်ငြိမ်သည့် အုပ်ချုပ်ရေးယန္တရားကို ဆက်လက်ထိန်းသိမ်းပြီး တစ်ချိန်တည်းမှာပင် ပြုပြင်ပြောင်းလဲမှုများကို စဉ်တိုက်ဆက်တိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် ဝန်ကြီးဌာန ရွှေ့ပြောင်းလိုက်သည့်နောက် အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ရေးကာလအဖြစ် ၂၀၁၉ ခုနှစ် ပထမ ၃ လတာကို ရည်မှန်းဆောင်ရွက်နေပါကြောင်း၊ တစ်ချိန်တည်းမှာပင် နောက်လာမည့် ၃ လတာ အတွင်း ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်အောင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ အတွေ့အကြုံနှင့် ပြုပြင်ပြောင်းလဲလိုစိတ်ကို အခြေခံပြီး ပညာရှင်များ၏ ဆန်းစစ်လေ့လာသုံးသပ်မှုများနှင့် ဆက်စပ်ကာ လက်တွေ့ကျကျ ထိထိရောက်ရောက် အရှိန်အဟုန်ဖြင့် တွန်းအားပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထွေအုပ်ပြုပြင် ပြောင်းလဲရေးတွင် အသွင်သဏ္ဌာန် ပြောင်းလဲရေးနှင့် အနှစ်သာရပြောင်းလဲရေးကို စနစ်တကျ ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

မိမိအနေဖြင့် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းအတော်များများနှင့် တွေ့ဆုံပြီး ၎င်းတို့ရင်ထဲက သဘောထားများကို အချိန်ပေးနားထောင်ကာ ဂရုတစိုက် ဆင်ခြင်သုံးသပ်ပါကြောင်း၊ မိမိတို့ ဝန်ထမ်းများအနေဖြင့် လူများ၏သဘောထားအမြင် ပြောင်းလဲလာစေရန် ပြည်သူနှင့်တစ်သားတည်း ရပ်တည်ဆောင်ရွက်နိုင်သည့် အုပ်ချုပ်ရေး မဏ္ဍိုင်ဖြစ်လာစေရန် မခံချင်စိတ်နှင့် ပြောင်းလဲရန် စိတ်ပိုင်းဖြတ်ထားသည်များ ခိုင်ခိုင်မာမာရှိနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ထမ်းများကို မိမိယုံကြည်မှုအပြည့်အဝ ရှိပါကြောင်း၊ ခေတ်အဆက်ဆက် အုပ်ချုပ်ရေးစနစ်နှင့် နိုင်ငံရေး စနစ်အမျိုးမျိုးတွင် ထမ်းဆောင်ခဲ့သည့် ထွေအုပ်ဝန်ထမ်းများသည် ပြုပြင်ပြောင်းလဲရန် စိတ်ပိုင်းဖြတ်ပြီးနောက် ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်ကြမည် ဆိုပါက မဖြစ်နိုင်တာမရှိဟု မိမိအခိုင်အမာ ယုံကြည်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၂၀၁၉ ခုနှစ်ကစပြီး အသွင်သစ်၊ အမြင်သစ်၊ မျှော်မှန်းချက်အသစ်များဖြင့် ပြည်သူများအတွက် အလွယ်တကူ သိမြင်နိုင်သည့် အပြောင်းအလဲများကို ဖန်တီးပေးရန် ပြင်ဆင်နေပြီဆိုသည်ကို မိမိအနေဖြင့် သတင်းစကားပါးလိုပါကြောင်း။

ယင်းသည် မိမိတို့ ထွေအုပ်ဝန်ထမ်းများကို ယုံကြည်မှုအပြည့်ရှိသည့်အတွက် ထိုသတင်းစကားကို ပြောရခြင်းဖြစ်ပါကြောင်း၊ မိမိ၏ယုံကြည်မှုကို အလေးအနက်ခံယူပြီး လူထု၏လေးစားယုံကြည်မှုကိုရယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**အပြန်အလှန် ဆွေးနွေး**

ဝန်ထမ်းများကို အသိပေးလိုသည်မှာ ယခုလထဲမှာပင် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကို နေပြည်တော်တွင် ကျင်းပပြုလုပ်သွားရန် စီစဉ်နေပါကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များ၏ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာအတွေ့အကြုံများ၊ သင်ခန်းစာများ၊ နမူနာယူစရာများကို အခြေခံပြီး အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် အခြေအနေများတွင် မည်သည်တို့ကို ပြုပြင်ကြမည်၊ မည်သည်တို့ကို ပြုပြင်သင့်သည် ဆိုသည်ကို ကိုယ်တိုင်ကိုယ်ကျ စဉ်းစားသုံးသပ်၊ အချင်းချင်း အပြန်အလှန် ဆွေးနွေးကြပြီး အပြောင်းအလဲများ ဖော်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်သွားရန် စီစဉ်ထားပါကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်မှာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စတင်ပြီး စဉ်းစားသုံးသပ်သည့် အချိန်မှစ၍ မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲချိန်၊ ပြန်လည်သုံးသပ်ဆန်းစစ်သည့်အချိန်များအထိ လူထုနှင့် အနီးစပ်ဆုံးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ၏ ပြုပြင်ပြောင်းလဲလိုသည့် အတွေးအခေါ်များ၊ အယူအဆများ စိတ်ကူးစိတ်သန်းများ ပါဝင်နေရန်ဖြစ်ပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မျှော်မှန်းချက် Vision၊ ရည်မှန်းချက် Mission က ဘာလဲဆိုသည်ကို ပြန်လည်သုံးသပ်ကြမည်ဖြစ်ပါကြောင်း၊ Vision နှင့် လိုက်လျောညီထွေဖြစ်မည့် အုပ်ချုပ်ရေး အာဏာကို လက်ရှိပုံစံမှ မည်သို့ ပြောင်းလဲမည်၊ ယင်းမျှော်မှန်းချက် အတိုင်း လိုက်နာကျင့်သုံးရမည့် အခြေခံမှုများက ဘာတွေဆိုသည်ကို ဆွေးနွေးကြရန်လည်း ရှိပါကြောင်း၊ ချမှတ်မည့် မျှော်မှန်းချက်နှင့် လိုက်လျောညီထွေဖြစ်အောင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကိုးကားဆောင်ရွက်ရမည့် ဝန်ထမ်းလက်စွဲများ ပြုစုရေးကိစ္စကိုလည်း ဆောင်ရွက်ကြရန်ရှိပါကြောင်း။

**စွမ်းဆောင်ရည်မြှင့်တင်ရေး**

အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှု စနစ်များကို ပြုပြင်ပြောင်းလဲရန်လည်း စဉ်းစားသုံးသပ်ကြရမည် ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးအာဏာကျင့်သုံးပုံ၊ လူသားအရင်းအမြစ် စီမံခန့်ခွဲပုံများတွင်လည်း အုပ်ချုပ်ရေးဝန်ထမ်းများ ရွေးချယ်ခန့်ထားရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လေ့ကျင့်သင်ကြားပုံများ ပြုပြင်ပြောင်းလဲရေး စသည့်အချက်များကိုလည်း အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးသုံးသပ်သွားရန် ရှိပါကြောင်း။

တစ်ဆက်တည်းမှာပင် ယင်းအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီမှ အစိုးရအဖွဲ့အတွင်းရေးမှူးများကို မိမိတို့တိုင်းဒေသကြီး/ပြည်နယ်အတွင်းက စိတ်ကြိုက်မြို့တစ်မြို့စီ ရွေးချယ်ပြီး ဦးစားပေး သုံးမြို့ကို ပြန်တင်ပြနိုင်ရန်လည်း စီစဉ်ထားပါကြောင်း၊ ယင်းမှ “ပြုပြင်ပြောင်းလဲမှုအတွက် ပြည်နယ်တစ်ခု မြို့နယ်တစ်ခု စီမံချက်” One State - One Township Project ဟု ခေါ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များသည် မိမိတို့နယ်မြေအတွင်းမှ အလားအလာ အကောင်းဆုံး မြို့တစ်မြို့စီရွေးချယ်ပြီး သတ်မှတ်ကာလအတွင်း အောင်မြင်အောင် လုပ်ကြရန်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး မြို့တိုင်းမြို့တိုင်းတွင် တစ်ပြေးညီလုပ်မည်ဆိုပါက ကြွေးကြော်သံသာရှိပြီး လက်တွေ့အကောင်အထည်ဖော်ရန် အခက်အခဲရှိနိုင်သည့်အတွက် တစ်ပြည်နယ်ကို တစ်မြို့နယ် ရှေ့ပြေးအနေနှင့် လုပ်ကြည့်သွားမည်ဖြစ်ပါကြောင်း၊ ယင်းရှေ့ပြေးစီမံကိန်းများ မြင်သာထင်သာ ဖြစ်ပေါ်လာပြီးပါက ဆက်လက်ပြီး တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း။

**မူဝါဒနှင့် လုပ်ငန်းစဉ်များလေးစား**

နိဂုံးချုပ်အနေဖြင့် မိမိတို့အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် အစိုးရများ မည်သို့ပင်ပြောင်းပြောင်း၊ နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းပြောင်း ခိုင်မာသည့်အဖွဲ့အစည်းတစ်ရပ်အနေဖြင့် နိုင်ငံတော်၏အုပ်ချုပ်ရေး ကျောရိုးမဏ္ဍိုင်ကြီးအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ပြုပြင်ပြောင်းလဲမှုများကို စံနမူနာပြဆောင်ရွက်ပေးနိုင်ရန်၊ ပြည်သူလူထုကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်သည့်အတွက် အလေးအနက်ထားမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**

---

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ဆေးကုသမှုအတွက် အလှူငွေ လှူဒါန်း



**ပဲခူး ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်း၊ ဌာနဆိုင်ရာများနှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက်က ပဲခူးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ဆေးကုသရန် အလှူငွေလှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းတွင် ဂျာမနီနိုင်ငံ INTERPLAST-Germany team မှ အထူးကုဆရာဝန်ကြီးများနှင့် ပဲခူးဆေးရုံမှ တာဝန်ရှိသူများအားတွေ့ဆုံကာ ဆေးရုံအုပ်ကြီးမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများ ခွဲစိတ်ကုသပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆေးကုသရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော ငွေကျပ်သိန်း ၃၀ အား ဝန်ကြီးချုပ်မှ ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်မောင်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများခွဲစိတ်နေမှု (ဝဲပုံ) နှင့် ခွဲစိတ်ပြီးလူနာများ၊ အထွေထွေရောဂါဖြင့် ဆေးရုံတက်ကုသမှုခံယူနေသော လူနာများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံစားဖိုမှူးများအသင်းတို့ ဦးဆောင်မှုဖြင့် ဂျာမန် - မြန်မာကုသရေးအဖွဲ့နှင့် ပဲခူးမြို့ မြို့မိမြို့ဖများ ပူးပေါင်းပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၅ ရက်အထိ ကုသိုလ်ယူအခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## MYPOL မှ Mr. Ricardo Carrasco အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် MYPOL ၏ Team Leader, Mr. Ricardo Carrasco နှင့် အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် MYPOL အနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း MYPOL ၏ Team Leader, Mr. Ricardo Carrasco အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃)၏ ခုံးကျော်တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြီးကြပ်တည်ဆောက်မည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ် - ၃)၏ ခုံးကျော်တံတားပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတ ဘက်ကမ်း ရှုခင်းသာမြို့ပတ်လမ်းနှင့် သန်လျင်တံတား ချဉ်းကပ်လမ်းထောင့်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးကျော်လင်းက တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ မြေ၊ အခြေခံအဆောက်အဦနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန (MLIT)မှ ဒုတိယဝန်ကြီး Mr. Michio Kikuchi ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyam နှင့် JICA Myanmar Office မှ ဌာနေကိုယ်စားလှယ် Mr. Masayuki Karasawa တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပန္နက်တော်တိုင်အမှတ် (၂)(၃)(၄)(၅)(၆) နှင့် (၇) တို့အား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ JICA Myanmar Office မှ ဌာနေကိုယ်စားလှယ်နှင့် ဂျပန်ကန်ထရိုက်တာကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌတို့က ပန္နက်တော်များရိုက်သွင်းကြပြီး ပန္နက်တော်တိုင်အမှတ်(၁)ကိုတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီးနှင့် ဂျပန်နိုင်ငံ MLITမှ ဒုတိယဝန်ကြီးတို့က စက်ခလုတ်နှိပ်၍ Stand Pipe အား VibroHammer ဖြင့် ပန္နက်တော်ရိုက်သွင်းကြသည်။

ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ် - ၃)ကို လေးလမ်းသွားခေတ်မီတံတားအဖြစ် Package 1,2,3 အဖြစ် အဆင့်အလိုက် တည်ဆောက်သွားမည်ဖြစ်ပြီး Package (၃)အဖြစ် ရန်ကုန်ဘက်ကမ်းရှိ Fly over Bridge ကို စတင်ဆောက်ရွက်သွားမည်ဖြစ်ပြီး တံတားကို ဂျပန်နိုင်ငံ ODA Loan ဂျပန်ယန်းဘီလီယံ ၃၀ ဖြင့် ဂျပန်နိုင်ငံ Consultant ကုမ္ပဏီနှင့် ဂျပန် Contractor ကုမ္ပဏီနှစ်ခုတို့မှ ၃၉ လကြာ တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ပြီးစီးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သန်လျင်မြို့နယ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသော သန်လျင် - သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လေးလမ်းသွားလမ်းမကြီးတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

သန်လျင် - သီလဝါစက်မှုဇုန်လမ်းသည် ၈ ဒသမ ၇ ကီလိုမီတာအရှည်နှင့် ၁၄ မီတာအကျယ် လေးလမ်းသွားကတ္တရာကွန်ကရစ်လမ်းအဖြစ် ဂျပန်နိုင်ငံ ODA Loan ဖြင့် ဂျပန်ယန်း ၄၆၁၃ သန်းဖြင့် ဂျပန်နိုင်ငံမှ Consultant Co.,Ltd Nippon Koei Co.,Ltd နှင့် ကန်ထရိုက်တာ Tekken Corporation နှင့် Sub-Contractor ဖြစ်သည့် Max Myanmar ကုမ္ပဏီတို့မှ တာဝန်ယူတည်ဆောက်ပြီး ယခုနှစ်အတွင်း ၁၀၀ရာခိုင်နှုန်းအပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**





**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ် - ၃)၏ ခုံးကျော်တံတားပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** ဓာတ်ပုံ- သန်းထိုက်

# ကမ္ဘာအေးဘုရားလမ်းကားမှတ်တိုင်၌ ယာဉ်ကြောဆိုင်ရာ ပိတ်ဆို့မှု ဖယ်ရှားသည့် စီမံကိန်း စတင်ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေး ဘတ်စ်ကားဝန်ဆောင်မှု အဆင့်မြှင့်တင်သည့် စီမံကိန်းအပိုင်း ကဏ္ဍတစ်ရပ်ဖြစ်သော ယာဉ်ကြောဆိုင်ရာ ပိတ်ဆို့မှုဖယ်ရှားသည့် အသေးစားစီမံကိန်းကို ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ ကမ္ဘာအေးဘုရားကားမှတ်တိုင်တွင် ယနေ့စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာအေးဘုရားလမ်းတွင် ယာဉ်ပိတ်ဆို့မှုများအား ဖယ်ရှားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့် အဆိုပါစီမံကိန်းတွင် ဘတ်စ်ကားရပ်ရန် မျဉ်းဝါကွက်များ ရေးဆွဲထားခြင်း၊ ရပ်တန့်မည့်နေရာအလိုက် ယာဉ်လိုင်းအမှတ်များကို အများမြင်သာအောင် လမ်းညွှန်ဆိုင်းဘုတ်များဖြင့် ပြသထားပြီး ယာဉ်လိုင်းအလိုက် ကြီးကြပ်သူများက ယာဉ်များစည်းကမ်းတကျ ရပ်တန့်နိုင်ရန်နှင့် ခရီးသွားပြည်သူများ သက်ဆိုင်ရာယာဉ်လိုင်းအမှတ်အတိုင်း စီးနင်းနိုင်ရန် လမ်းညွှန်မှုများ ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ယာဉ်များရပ်ရန် မျဉ်းဝါကွက်များ ရေးဆွဲထားပြီး ပထမမျဉ်းဝါကွက်အတွင်းရှိ မှတ်တိုင်တွင် ၃၀ (သခင်မြပန်းခြံ)၊ ၅၅ (တောင်ဒဂုံ)၊ ၈၈ (ဒဂုံတက္ကသိုလ်)၊ ၉၆ (သာကေတ)ဟူ၍လည်းကောင်း၊ ဒုတိယမျဉ်းဝါကွက်ရှေ့ရှိ မှတ်တိုင်အမှတ်အသားတွင် လေဆိပ်- ဆူးလေ၊ ၁၀(တိုင်းရင်းသားကျေးရွာ)၊ ၂၈ (ဆူးလေ)၊ ၃၆ (ဆူးလေ)၊ ၄၃(ဗိုလ်တထောင်ဘုရား)၊ ၆၄ (ဘိုကလေးဈေး) ဟူ၍လည်းကောင်း၊ တတိယမျဉ်းဝါကွက်ရှေ့ရှိ မှတ်တိုင်အမှတ်အသားတွင် ၆ (တောင်ဒဂုံ)၊ ၇၉ (လင်းစခေါင်း)၊ ၈၃ (တောင်ဒဂုံ)၊ ၉၉ (ဒဂုံမြို့သစ်- ဆိပ်ကမ်း) ဟူ၍လည်းကောင်းစနစ်တကျ လမ်းညွှန်မှုအမှတ်အသားများ ပြုလုပ်ပေးထားသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တွင် ယာဉ်များချောမွေ့စွာ သွားလာနိုင်ရန်နှင့် ပြည်သူများ ဘေးကင်းမှုရှိစေရန် ရည်ရွယ်ပြုလုပ်သည့် အဆိုပါ ယာဉ်ကြောဆိုင်ရာစီမံမှုတွင် ခရီးသွားပြည်သူများအနေဖြင့် မိမိစီးနင်းမည့်ဘတ်စ်ကားလိုင်းကို အတည်ပြုပြီး သတ်မှတ်နေရာတွင် စောင့်ဆိုင်းစီးနင်းမည်ဖြစ်သည်။

ဝိုင်ဘီအက်စ် ယာဉ်လိုင်းတစ်လိုင်းအား ကြီးကြပ်နေသည့် ဦးအောင်မင်းသူက “လတ်တလောအပြောင်းအလဲအတွက်တော့ ခရီးသည်တွေက ဇဝေဇဝါ ဖြစ်တာပေါ့။ ဒါပေမယ့် တာဝန်ရှိတဲ့သူတွေက အနီးကပ်ကြီးကြပ်ပြီးတော့ ဂိတ်မှူး၊ အချိန်မှူးတွေကို နံနက် ၆ နာရီကနေည ၆ နာရီအထိရက်သတ်မှတ်ပြီး တာဝန်ချထားတဲ့အခါကျတော့ ခရီးသည်တွေကို မှတ်တိုင်အလိုက် လမ်းညွှန်ပေးနိုင်ပါတယ်” ဟု ပြောကြားသည်။



**ကမ္ဘာအေးဘုရားမှတ်တိုင်တွင် ယာဉ်ကြောဆိုင်ရာပိတ်ဆို့မှုဖယ်ရှားသည့် အသေးစားစီမံကိန်း စတင်ပြုလုပ်နေစဉ်။**

အဆိုပါ ယာဉ်ကြောဆိုင်ရာ ပိတ်ဆို့မှုဖယ်ရှားသည့် အသေးစားစီမံကိန်းအတွက် တာဝန်ချထားမှုများကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ ယာဉ်လိုင်းအလိုက် တာဝန်ချထားကြီးကြပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အများပြည်သူသယ်ယူပို့ဆောင်ရေးဘတ်စ်ကားဝန်ဆောင်မှု အဆင့်မြှင့်တင်သည့် ကနဦးစီမံချက်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလလမ်းမပေါ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ဒုတိယအသေးစားစီမံချက်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း မြို့တော်ခန်းမအနီး ဆူးလေကားမှတ်တိုင်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကာ ယခုပြုလုပ်သောစီမံချက်သည် တတိယမြောက် စီမံချက်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ခန်းမပြင်ပတွင် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ပြသထားသည့် ဓာတ်ပုံပြပွဲ၊ စာအုပ်ပြခန်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကျင်းပပြုလုပ်သော ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ပါဝင်ပြသထားသည့် ကာတွန်းပြပွဲကို လှည့်လည်ကြည့်ရှုပြီး ကာတွန်းဆရာများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ပြခန်းများနှင့် ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် ပုဗ္ဗသီရိမြို့နယ်တွင် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)က ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စု၏ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲအထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြပွဲကို သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့ ပျဉ်းမနားမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တွင် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ သတင်းစဉ်

ထို့နောက် အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ကဗျာရွတ်၊ ပုံပြောနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ကို ကလေးများနေ့အဖြစ် သတ်မှတ်ကာ မွေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ပြည်ထောင်စုနယ်မြေရှိ မြို့နယ်များတွင် ဟောပြောပွဲ၊ ဆေးရောင်ခြယ်၊ ပန်းချီ၊ ကဗျာရွတ်၊ ပုံပြောနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ပြုလုပ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

### ပါဝင်ပြသ

ထိုကဲ့သို့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရာတွင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထုတ်ဝေသည့် စာအုပ်များအပြင် ဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးနှင့် စည်းရုံးရေးဆောင်ရွက်မှု၊ တပ်မတော်တွင် ပါဝင်ဆောင်ရွက်မှု၊ ဗြိတိန်နှင့် ဂျပန်ခရီးစဉ် မှတ်တမ်းဓာတ်ပုံများကိုလည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပါဝင်ပြသထားသည်။

အခမ်းအနားသို့ လာရောက်သူများကို အောင်ဆန်းဒိုင်ယာရီစာအုပ်များ၊ ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် ပိုစတာများနှင့် လက်ကမ်းစာစောင်များ ပေးဝေခဲ့ပြီး မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ပဲပြုတ်၊ နံပြား၊ လက်ဖက်ရည်နှင့် ရေသန့် စသည့် စားသောက်ဖွယ်ရာများ ဒါနပြုကျွေးမွေးညွှော့ခံခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံကလေးများနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတို့က ဦးဆောင်ကျင်းပသော မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (ဘီ)၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။

### အလေးထားပြုစုပျိုးထောင်ပေး

ပြည်ထောင်စုဝန်ကြီးက ဖေဖော်ဝါရီ ၁၃ ရက်နေ့သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ဖြစ်ပြီး ထိုနေ့ကို မြန်မာနိုင်ငံကလေးများနေ့အဖြစ် သတ်မှတ်ကျင်းပခြင်းဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှု၊ ခေါင်းဆောင်ကောင်းပီသမှုနှင့် နိုင်ငံချစ်စိတ်များကို စံပြအဖြစ် ကလေးများအတုယူစေရန်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုဖြင့် လွတ်လပ်ရေးအရယူပေးခဲ့သည်ကို သိရှိအမှတ်ရလျက်၊ လွတ်လပ်ရေးအရှည်တည်တံ့စေရန် လက်ဆင့်ကမ်း တာဝန်ယူရမည့်သူများသည် ယနေ့ ကလေးများဖြစ်ကြောင်း၊ မိဘများသိရှိနားလည်ပြီး ကလေးများကို နည်းစနစ်မှန်စွာပြုစုပျိုးထောင်ပေးနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့နေ့မျိုးတွင် ရှေးဦးအရွယ် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြိုင်ပွဲနှင့် အသိပညာပေး ဟောပြောပွဲများကို ကျင်းပပေးခြင်းဖြင့် ကလေးများ ပုံမှန်ကြီးထွားမှုနှင့် ဦးနှောက်ဖွံ့ဖြိုးမှု အဆင့်ဆင့်ပြောင်းလဲမှုများကို မိဘများသိရှိနားလည်ပြီး နည်းစနစ်တကျ ဂရုစိုက် ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် အနာဂတ်တွင် နိုင်ငံ့အရေးများကို လက်ဆင့်ကမ်းတာဝန်ယူနိုင်မှု သေချာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယနေ့ မြန်မာနိုင်ငံ ကလေးများနေ့တွင် မိဘများနှင့် မိသားစုဝင်များက အသိရှိစွာဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသဖြင့် ဝမ်းမြောက်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ယနေ့ ကလေးများကို အလေးထားပြုစုပျိုးထောင်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဆုရ မိခင်တစ်ဦးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်

ဆက်လက်ပြီး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပတ်သက်၍ မီးဖွားပြီးစမှ ကလေးအသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းနှင့် နို့ဖြတ်ပြီး (၆)လ ဖြည့်စွက်စာကျွေးခြင်းနှင့် ပတ်သက်၍ ဒေါက်တာယုဇနစောမြင့်က လည်းကောင်း၊ ကလေးမီးဖွားပြီးခါစအချိန်နှင့် နို့တိုက်မိခင် အာဟာရပြည့်ဝရေး ဆောင်ရွက်မှုကို ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာမြသီတာက လည်းကောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးမှု တိုင်းတာစစ်ဆေးခြင်းကို ကလေးသူငယ်ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးခြင်း ပြည်တွင်းပညာရှင် ဒေါ်ခင်မေထွန်းချစ်တို့က လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကလေးငယ်များအမှိုက်ကို စနစ်တကျ စွန့်ပစ်တတ်စေရန် အသိပညာပေး တေးသီချင်းဖြင့် တေးသံရှင် ဆုမိုနှင့် သမီးငယ် မသူသူဟံသာတို့က သီဆိုဖျော်ဖြေခြင်း၊ နေပြည်တော် မူလတန်းကြိုကျောင်းများရှိ ရင်သွေးငယ်များက "ထာဝရလမ်းပြကြယ်"၊ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းများဖြင့် တေးသရုပ်ဖော်ကပြဖျော်ဖြေခဲ့ကြပြီး ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေကို တိုင်းတာစစ်ဆေးခြင်းနှင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရကလေးများနှင့် မိခင်များအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ကော်မတီအဖွဲ့ဝင်များက ဆုချီးမြှင့်ခြင်းကို ဆောင်ရွက်ခဲ့ပြီး တစ်ကိုယ်ရည်သန့်ရှင်းရေးတွင် လက်ကို စင်ကြယ်စွာဆေးကြောခြင်း လက်တွေ့သရုပ်ပြမှုများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနား နောင်ချိုတွင် စည်ကားစွာ ကျင်းပ

**နောင်ချို ဖေဖော်ဝါရီ ၁၃**

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက နောင်ချိုမြို့နယ်ခန်းမ၌ ကျင်းပရာ သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ တက်ရောက်လာသော ဒေသခံပြည်သူများအား ပဲပြုတ်နံပြားနှင့် စတုဒိသာကျွေးမွေးခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း ပုံတူရေးဆွဲခြင်း၊ ကဗျာရေးခြင်း၊ ပုံပြောပြိုင်ခြင်း စသည်တို့ကို ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့အစည်းများ၊ ပရဟိတအသင်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းကြောင်းများအား နံရံကပ်၊ ဓာတ်ပုံပိုစတာများဖြင့် ဝေဝေဆာဆာပြသထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ **မိုး/ဇလ**

# လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄) နှစ်မြောက်မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဌာနချုပ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄) နှစ်မြောက်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟို အလုပ်အမှုဆောင်အတွင်းရေးမှူး အဖွဲ့ဝင် ဦးညဏ်ဝင်းက မြန်မာနိုင်ငံကလေးများနေ့ ဖြစ်ပေါ်လာပုံအကြောင်းနှင့် အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်ကို ကလေးငယ်များအတုယူနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောပြသည့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းအစီအစဉ် ဗီဒီယိုမှတ်တမ်းကိုပြသပြီး ကျောင်းသားကျောင်းသူလေးများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် သမိုင်းကြောင်းများနှင့် အမှတ်တရအကြောင်းအရာများကို ကလေးငယ်များ သိရှိစေရန် ဉာဏ်စမ်းမေးမြန်းခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုသည့်ကဗျာရွတ်ဆိုပြိုင်ပွဲတို့ကို ကျင်းပပြီး မျက်လှည့်ပညာရှင် မစ္စတာတော့ပ်က မျက်လှည့်ပညာများဖြင့်ဖျော်ဖြေခဲ့သည်။

အဆိုပါအခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီး လုပ်ငန်းကော်မတီကကြီးမှူး၍ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှု၊ ရဲရင့်မှု၊ သစ္စာရှိမှု စသည့် စိတ်နေသဘောထားများကိုကလေးငယ်များ အတုယူနိုင်စေရန်နှင့် ကလေးငယ်များပျော်ရွှင်စေရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် တာဝန်ရှိသူတို့က ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စတုဒိသာများဖြင့် ဧည့်ခံခဲ့သည်။

အလားတူ ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄) နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လမ်းမတော်မြို့နယ် လူငယ်လုပ်ငန်းအဖွဲ့က မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ဆေးရုံတို့တွင် ပဲပြုတ်နှင့်နံပြားတို့ကို စတုဒိသာအလှူအဖြစ် လိုက်လံကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး**



ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)တွင် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄) နှစ်မြောက်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကျင်းပစဉ်။

# ပုဗ္ဗသီရိမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့်ပန်းခြံ ဖွင့်ပွဲအထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုပေးပွဲကျင်းပ



နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲ အထိမ်းအမှတ်အခမ်းအနားနှင့် ဖျော်ဖြေပွဲကို စည်ကားစွာ ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ယနေ့သည် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အသက် ၁၀၄ နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း၌ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလျက်ရှိရာ **"အောင်ဆန်းဇာနည်"**ကဗျာနှင့် **"အာရှသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း"** တေးသံများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

**အနုစ်သာရရှိစွာ ကျင်းပ**

နေပြည်တော်ကောင်စီနယ်မြေ၌ ယနေ့နံနက်ပိုင်းမှစတင်ကာ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် အခမ်းအနားများကို သက်ဆိုင်ရာမြို့နယ် ရပ်ကွက်အလိုက် ဗိုလ်ချုပ်အောင်ဆန်း၏ အတုယူစံပြုထိုက်သည်များကို ဖော်ညွှန်း၍ အနုစ်သာရရှိစွာ ကျင်းပကြသည်။

**တေးသရုပ်ဖော်တင်ဆက်ပွဲ**

ယင်းတို့အနက် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲအထိမ်းအမှတ် ပန်းချီပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုပေးပွဲနှင့် တေးသရုပ်ဖော်တင်ဆက်ပွဲကို ယနေ့ည ၇ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ **"ထာဝရသစ္စာ"** တေးသီချင်းဖြင့် ပုဗ္ဗသီရိမြို့နယ် အမှတ် (၁၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး **"စည်းလုံးစို့လေ သွေးချင်းတို့ရေ"**နှင့် **"ယဉ်တစ်ကိုယ်မယ်"** တေးသီချင်းတို့ဖြင့် ဟိန်းရတနာအောင် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ခေါင်းလောင်းသံ ကိုယ်ပိုင်မူလတန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူများက ဆက်လက်ဖျော်ဖြေကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ၌ ပထမဆုရအမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မဆုလဲ့ရတနာက လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းစဉ်ဖြင့် ဗိုလ်ချုပ်၏ လေးစားအတုယူဖွယ် စံပြုထိုက်ပုံနှင့် သမိုင်းကြောင်းကို ဖော်ညွှန်းပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်ပွဲ ဖြစ်မြောက်ရေး အလှူရှင်များက စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိကြသူများကို ဆုများပေးအပ်ကြသည်။

ဆက်လက်၍ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူကျောင်းသားများက **"ဘွဲ့နွှော"** တေးသရုပ်ဖော်နှင့် စွမ်းပြည့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသူများက **"လားဟူမြန်မာ"** အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အလှူရှင်များက ပန်းချီပြိုင်ပွဲ၌ ဆုရရှိကြသူများကို ဆုများပေးအပ်ကြသည်။

ထို့နောက် ဝဏ္ဏဒီပရပ်ကွက် သမီးပျိုလေးများက **"ဗိုလ်ရှုသဘင်"** တေးသရုပ်ဖော်နှင့် ခေါင်းလောင်းသံ ကိုယ်ပိုင်မူလတန်းကျောင်းမှ ကျောင်းသားလေးများက **"ကာယဗလ"** သရုပ်ပြ တင်ဆက်ကြပြီး အလှူရှင်များက ဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိကြသူများကို ဆုများပေးအပ်ကြသည်။

ဆက်လက်၍ အေးမေတ္တာစံ ပရဟိတ တောင်နီလေးကျောင်းတိုက်မှ ကျောင်းသားကျောင်းသူများက **"ကယန်းတိုင်းရင်းသားရိုးရာ"** အကနှင့် အမှတ် (၁၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက **"တို့ရှမ်းဌာနီ"** တေးသရုပ်ဖော်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက ပိုက်ကျော်ခြင်း ပြိုင်ပွဲ၌ ဆုရရှိကြသူများကို ဆုများပေးအပ်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ယင်းနောက် အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"** တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြပြီး တာဝန်ရှိသူများက ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ကြသူများ၊ ပုဗ္ဗသီရိမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖြစ်မြောက်ရေးအတွက် ပါဝင်ဆောင်ရွက်ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယနေ့ကျင်းပသည့် ပုဗ္ဗသီရိမြို့နယ် ဗိုလ်ချုပ် အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲအထိမ်းအမှတ် အခမ်းအနားနှင့် ဖျော်ဖြေပွဲသို့ တက်ရောက်လာကြသူများကို နေပြည်တော်ဘူတာကြီးမှ မြန်မာ့မီးရထားဝန်ထမ်းများက ကြက်သားဆန်ပြုတ်၊ နို့ဆန်ပြုတ်တို့ကို စတုဒိသာ တိုက်ကျွေးခဲ့သည့်အပြင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် သက်ဆိုင်သည့် စာအုပ်စာစောင်များ၊ ပန်းချီရုပ်တုများကို ခင်းကျင်းပြသထားရာ ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်းစဉ်၊ ဓာတ်ပုံ - ကျော်ဇင်ထိုက်**

✪ *ကျောဖုံးမှ*

ပြိုင်ပွဲကို ပထမအဆင့်၊ ဒုတိယအဆင့်၊ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲဟူ၍ အဆင့်များခွဲခြားကျင်းပမည်ဖြစ်ပြီး ပထမအဆင့်တွင် MNL-2 (ပထမတန်း) အသင်းရှစ်သင်းနှင့် MNL ကလပ် နှစ်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် MNL အသင်းကြီးများ ပါဝင်လာမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာမူ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲမှုအရ ပထမအဆင့်တွင် ကချင်ယူနိုက်တက်နှင့် မြဝတီ၊ ရွှင်ရယ်သန်လျင်နှင့် တက္ကသိုလ်၊ အား/ကာသိပ္ပံနှင့် ချင်းယူနိုက်တက်၊ မောရဝတီနှင့် ဒဂုံ၊ Chinland နှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမအဆင့်ပွဲများကို မတ် ၁၃၊ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ပွဲများအဖြစ် ရှမ်းယူနိုက်တက်နှင့် ကချင် (သို့) မြဝတီ၊ ရွှင်ရယ်သန်လျင် (သို့) တက္ကသိုလ်နှင့် ဟံသာဝတီ၊ မကွေးနှင့် အား/ကာသိပ္ပံ (သို့) ချင်းယူနိုက်တက်၊ ရခိုင်နှင့် ဇွဲကပင်၊ ရောဝတီနှင့် ရတနာပုံ၊ မောရဝတီ (သို့) ဒဂုံနှင့်စစ်ကိုင်း၊ Southern နှင့် Chinland (သို့) ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဒုတိယ အဆင့်ပွဲစဉ်များကို မေ ၁၊ ၈၊ ၁၅ ရက်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၁၉၊ ၂၀ ရက်၊ ဆီမီးဖိုင်နယ်ပထမအကျော့ကို မေ ၂၅၊ ၂၆ ရက်၊ ဒုတိယအကျော့ကို ဇွန် ၁၊ ၂ ရက်၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီအမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ရောဝတီအသင်းဥက္ကဋ္ဌ ဦးမင်းလှိုင်နှင့် စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများက မဲနှိုက်ရေးဆွဲပေးခဲ့သည်။

**ညီမြတ်သော်တာ**

# လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် အမြို့မြို့အနယ်နယ်၌ ကျင်းပ

## ကျောင်းကုန်း(ဧရာဝတီတိုင်းဒေသကြီး)

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ဖေဖော်ဝါရီ ၁၃ ရက်က ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် မော်ကွန်းရုပ်ရှင်ပြသခြင်းကို နံနက် ၈ နာရီတွင်စတင်ခဲ့ပြီး အေးချမ်းသာယာခန်းမ၌ ကလေးငယ်များ ပျော်ပွဲရွှင်ပွဲကို ကျင်းပခဲ့သည်။ ပြပွဲသို့ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင် (ပြန်/ဆက်)**



ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများ လေ့လာကြစဉ်။

## တွံတေး(ရန်ကုန်တိုင်းဒေသကြီး)

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တွံတေးမြို့ ဗိုလ်ချုပ်ကြေးရုပ်တုဖြစ်မြောက်ရေးလူငယ်အဖွဲ့တို့ ပူးပေါင်း၍ ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုရင်ပြင်၌ ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်းရေးသားသောလက်ရေးမူများ၊ မိန့်ဆိုမှာကြားချက်များ၊ မိန့်ခွန်းပေါင်းချုပ်များနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်ရှားပါးဓာတ်ပုံများ ဝေဝေဆာဆာ ပြသထားကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

## မံစီ (ကချင်ပြည်နယ်)

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ဖေဖော်ဝါရီ ၁၃ ရက်က ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့် စာဖတ်ဝိုင်းပြုလုပ်ခဲ့ပြီး မွေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။ ပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်တမ်းဓာတ်ပုံများကိုပြသထားပြီး ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိစာအုပ်အပါအဝင် ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်းအရာများကိုရေးသားထားသည့် စာအုပ်များကို ပြသထားကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ခန္တီး(စစ်ကိုင်းတိုင်းဒေသကြီး)

ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် ပုံတူပန်းချီ ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ကျင်းပခဲ့သည်။ ပုံတူပန်းချီပြိုင်ပွဲ အလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ မူလတန်းအဆင့်တွင် ကိုးဦးနှင့် စာစီစာကုံးပြိုင်ပွဲ မူလတန်းအဆင့်တွင် "သားသမီးတို့ ချစ်တဲ့ဗိုလ်ချုပ်အောင်ဆန်း" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **စနေမောင်**

## ပေါင်းတည်(ပဲခူးတိုင်းဒေသကြီး)

(၁၀၄)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်မြင်းစီးကျောက်ရုပ်တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပေါင်းတည်မြို့ ငြိမ်းချမ်းရွှေတည် ပြည်သူ့ပန်းခြံ၌ ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးခိုင်၊ ကျင်းပရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်မြင့်**

## မြဝတီ(ကရင်ပြည်နယ်)

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မြဝတီမြို့ အာဇာနည်ပန်းခြံတွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဗိုလ်ချုပ်ပုံတူရေးဆွဲခြင်း အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၊ မူလတန်းအဆင့် ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ KG နှင့် မူကြိုအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



**ဖေဖော်ဝါရီ ၁၃ ရက်က ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့တော်ခန်းမ၌ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။**

(အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပြီး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။) **ဝင်းနိုင်(ကချင်မြေ)**



**ဖေဖော်ဝါရီ ၁၃ ရက်က မကွေးမြို့ ဗိုလ်ချုပ်ပန်းခြံတွင် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။**

(အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေးနှင့် ပြန်/ဆက် ဦးစီးမှူး ဦးညွန့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။) **သန်းနိုင်ဦး(ငဖဲ)**



**ဖေဖော်ဝါရီ ၁၃ ရက်က လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ပြပွဲ၊ စကားဝိုင်းဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများကို မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားစဉ်။**
အောင်ဖြိုးကျော်



**ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံအတွင်း၌ ဖေဖော်ဝါရီ ၁၃ ရက်က ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။** တင်ဝင်းလေး(ကြည့်မြင်တိုင်)



**ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဗိုလ်ချုပ်ပန်းခြံ၌ ဖေဖော်ဝါရီ ၁၃ ရက်က ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် စာပေစကားဝိုင်း ကျင်းပစဉ်။**
ဉာဏ်လင်း

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်ပြပွဲတွင် ခင်းကျင်းပြသထားမှုများကို ကျောင်းသား ကျောင်းသူများနှင့် တက်ရောက်လာသူများ ကြည့်ရှုလေ့လာနေစဉ်။**
မြို့နယ်(ပြန်/ဆက်)



# အစိုးရယန္တရားရပ်ဆိုင်းမှု အဆုံးသတ်ရန် ယာယီသဘောတူညီချက်ကို ထရမ့်ဘဝင်မကျဖြစ်နေ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

**အစိုးရယန္တရားရပ်ဆိုင်းမှုကို အဆုံးသတ်ရန် နှစ်ဖက်ပါတီ လွှတ်တော်ကိုယ်စားလှယ်များအကြားရရှိခဲ့သော သဘောတူညီချက်အပေါ် အပြည့်အဝကျေနပ်မှုမရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့က ပြောကြားလိုက်သည်။**

အမေရိကန်အစိုးရ ယန္တရားရပ်ဆိုင်းမှု ယာယီသဘောတူညီချက်သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြီးဆုံးတော့မည်ဖြစ်ရာ ယင်းနေ့သို့ တဖြည်းဖြည်းချင်း ရောက်ရှိလာတော့မည် ဖြစ်သည်။

"ကျွန်တော် ပျော်ရွှင်နေတယ်လို့လည်း ပြောလို့မရသလို ဝမ်းသာနေတယ်လို့လည်း ပြောလို့မရပါဘူး" ဟု အိမ်ဖြူတော် သတင်းသမားများနှင့် တွေ့ဆုံစဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

နောက်ထပ်အစိုးရ ယန္တရားတစ်စိတ်တစ်ပိုင်းရပ်ဆိုင်းမှု ထပ်မံဖြစ်ပွားမည်ဟု ၎င်းအနေဖြင့် မယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထို့အပြင် အစိုးရယန္တရားရပ်ဆိုင်းမှုနှင့် ပတ်သက်ပြီး နောက်ပိုင်းတွင် အစည်းအဝေးတစ်ခု ပြုလုပ်သွားမည် ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ထို့အတူ "အစိုးရယန္တရားတစ်ခု ရပ်ဆိုင်းသည်ကို မမြင်လိုကြောင်း အရာအားလုံး ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်၍ ရနိုင်ကြောင်းနှင့် နယ်စပ်လုံခြုံရေးနှင့်အသုံးစရိတ်အပေါ် ဖေဖော်ဝါရီ ၁၁ ရက်က နှစ်ဖက်ပါတီကိုယ်စားလှယ်များကြား သဘောတူခဲ့သည့် အသေးစိတ်အချက်အလက်အပေါ် ၎င်းအနေဖြင့် ဆက်လက် သုံးသပ်သွားရန် လိုအပ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

ယခုလက်ရှိ ယာယီအသုံးစရိတ် ဥပဒေကြမ်းသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံးအနေဖြင့် ဥပဒေကို အတည်ပြုရန် ရှိနေပြီး နောက်ထပ် အစိုးရယန္တရား ရပ်ဆိုင်းမှု ထပ်မံ မပေါ်ပေါက်စေရန် သမ္မတထရမ့်က လက်မှတ်ရေးထိုးရမည် ဖြစ်ကြောင်း သိရသည်။




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

**ဆင်ဟွာ**

## မြောက်ကိုရီးယားက နျူလက်နက် အပြည့်အဝ ဖျက်သိမ်းလိုဟန်မရှိကြောင်း အမေရိကန်စစ်ဘက် ပြော

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

အမေရိကန် စစ်ဘက်အကြီးတန်းအာဏာပိုင်များသည် ယခုလနှောင်းပိုင်းတွင် အမေရိကန်-မြောက်ကိုရီးယားဒုတိယအကြိမ် ထိပ်သီးဆွေးနွေးပွဲကျင်းပရန် စီစဉ်ထားမှုကို ကြိုဆိုလျက်ရှိသည်။

သို့သော်လည်း မြောက်ကိုရီးယားအနေဖြင့် ၎င်း၏ နျူကလီးယားလက်နက်များကို အလုံးစုံဖျက်သိမ်းလိုဟန်မရှိကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

အမေရိကန်စစ်ဘက်အာဏာပိုင်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ကြီး ရောဘတ်အာဘရမ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့အကြား ပထမအကြိမ် ထိပ်သီးဆွေးနွေးမှုအပြီးတွင် ကိုရီးယားကျွန်းဆွယ်အရေးနှင့် ပတ်သက်၍ တင်းမာမှုများ သိသိသာသာ လျော့ကျသွားခဲ့ကြောင်း ၎င်းက ပြောသည်။

ဒုတိယအကြိမ် ထိပ်သီးဆွေးနွေးပွဲသည် စကားပြောဆိုဆွေးနွေးမှုများ မကြာခဏပြုလုပ်ခဲ့မှု၏ အလားအလာကောင်းသည့်လက္ခဏာတစ်ခုဖြစ်သည်ဟု ၎င်းက ဆိုသည်။

သို့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များသည် မြောက်ကိုရီးယား၏ နျူကလီးယား လက်နက်ဖျက်သိမ်းရေးနှင့် ကိုက်ညီသည့် အပြုအမူကို မတွေ့ရသေးကြောင်း ဗိုလ်ချုပ်ကြီး အာဘရမ်က ဖြည့်စွက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ စစ်ဘက်ဆိုင်ရာလက်နက်ပစ္စည်းများတွင် မှန်ကန်ခိုင်မာသည်ဟု ဆိုရလောက်သည့် အပြောင်းအလဲမျိုးကို မတွေ့ရသလောက်ပင်ဖြစ်ကြောင်း ၎င်းက စိုးရိမ်ကြောင့်ကြမှုကိုဖော်ပြခဲ့သည်။

အင်ဒိုပစိဖိတ်စစ်ရေးညွှန်ကြားမှုအဖွဲ့မှ ရေတပ်ဗိုလ်ချုပ်ကြီး ဖိလစ်ဒေးဗစ်ဆန်က လာမည့်ထိပ်သီးအစည်းအဝေးကို ၎င်းအနေဖြင့် ကြိုဆိုကြောင်း၊ သို့သော်လည်း ပြုံယမ်း၏ နျူကလီးယားလက်နက် အလုံးစုံဖျက်သိမ်းမည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ သံသယများရှိနေကြောင်း ဖော်ပြခဲ့သည်။

ဆီးနိတ်လွှတ်တော်အဖွဲ့ဝင်များက သမ္မတထရမ့်အနေဖြင့် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖျက်သိမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များကို တောင်ကိုရီးယားမှ ရုပ်သိမ်းရန် ဆုံးဖြတ်နိုင်ဖွယ်ရှိမှုအပေါ် စိုးရိမ်ကြောင့်ကြမှုများကို ဖော်ပြခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ထိုင်းတော်ဝင်မင်းသမီး အူဘိုလ်သာရာနာ။

## ထိုင်းတော်ဝင်မင်းသမီးနှင့် ဆက်နွယ်သည့် ပါတီကို ဖျက်သိမ်းရန် ရွေးကောက်ပွဲကော်မရှင်တောင်းဆို

**ဗန်ကောက် ဖေဖော်ဝါရီ ၁၃**

ထိုင်းရွေးကောက်ပွဲကော်မရှင်သည် ဝန်ကြီးချုပ်နေရာအတွက် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန် ထိုင်းတော်ဝင်မင်းသမီး အူဘိုလ်သာရာနာ အဆို တင်သွင်းခဲ့သည့် ပါတီကို ဖျက်သိမ်းရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသို့ ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲကော်မရှင်က ထိုသို့ တောင်းဆိုခဲ့မှုသည် ထိုင်းနိုင်ငံ၏ ဩဇာအာဏာကြီးမားသည့် ရှင်နာဝပ်ထရာ နိုင်ငံရေးအဖွဲ့၏ ပြင်းပြသည့် နိုင်ငံရေးရည်မှန်းချက်ကို ထိခိုက်လာနိုင်ဖွယ်ရှိနေသည်။

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာနှင့် မဟာမိတ်ပြုထားသည့် ထိုင်းရက်ဆာချက်ပါတီက ထိုင်းတော်ဝင်မင်းသမီး အူဘိုလ်သာရာနာ၏ အမည်စာရင်းကို တင်သွင်းလိုက်ချိန်တွင် စစ်ဘက်အရာရှိများက အုပ်ချုပ်နေသည့် ထိုင်းနိုင်ငံသည် ပြီးခဲ့သည့်သောကြာနေ့မှ စတင်ကာ နိုင်ငံရေးဆိုင်ရာ ကသောင်းကနင်း ဖြစ်ပွားမှုများနှင့် ရင်ဆိုင်လာရသည်။

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းက တော်ဝင်မိသားစုဝင်တစ်ဦးက နိုင်ငံရေးဆိုင်ရာ ယှဉ်ပြိုင်မှုအတွင်း ဝင်ရောက်ခြင်းမှာ လုံးဝမဆီလျော်ကြောင်း ကြေညာခဲ့ပြီး နောက်တွင် ထိုင်းတော်ဝင်မင်းသမီး၏ ရွေးကောက်ပွဲယှဉ်ပြိုင်ရန် အဆိုတင်သွင်းမှုကို ပယ်ချခံခဲ့ရသည်။

ထိုသို့ဖြစ်ခဲ့ပြီးနောက် ဗုဒ္ဓဟူးနေ့တွင် ထိုင်းရွေးကောက်ပွဲကော်မရှင်သည် ထိုင်းရက်ဆာချက်ပါတီကို တော်ဝင်မိသားစုဝင်တစ်ဦးကို နိုင်ငံရေးနယ်ပယ်ထဲသို့ခေါ်ဆောင်လာခြင်းအားဖြင့် နိုင်ငံရေးပါတီများ၏ ဥပဒေကိုချိုးဖောက်ခဲ့သည်ဟုဆိုကာ ယင်းပါတီကို နိုင်ငံရေးပါတီစာရင်းမှ ဖျက်သိမ်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တောင်းဆိုခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## မူးယစ်ဂိုဏ်းခေါင်းဆောင်ကို ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်

**နယူးယောက် ဖေဖော်ဝါရီ ၁၃**

မက္ကဆီကို မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင် ဂျိုအာကွင် အယ်လ်ချာပို ဂက်ဇ်မင်းန်ကို မူးယစ်ကုန်ကူးမှုအပြင် တစ်ခြားစွပ်စွဲချက်များဖြင့် နယူးယောက်မြို့တရားရုံးက ယမန်နေ့တွင် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိခဲ့သည်။


စွဲချက် ၁၀ခုဖြင့် ဂျူရီခုံရုံးအဖွဲ့ဝင်များက ခြောက်ရက်ကြာ အမှုကို ကြားနာခဲ့ပြီးနောက် ၎င်းကို ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဂက်ဇ်မင်းန်၏ အမှုစစ်ဆေးမှုပြီးဆုံးခြင်းသည် ကမ္ဘာတွင် အကြီးဆုံးနှင့် အမြတ်အများဆုံးရသည့် မူးယစ်ဆေးဂိုဏ်းဖြစ်သည့် ဆီနာလိုအာ မူးယစ်ဆေးဂိုဏ်းတွင် ဂက်ဇ်မင်းန်၏ အုပ်ချုပ်မှု အဆုံးသတ်ခဲ့ခြင်းဖြစ်ကြောင်း ဗဟိုအစိုးရရှေ့နေများက ပြောခဲ့သည်။

မူးယစ်ဂိုဏ်းခေါင်းဆောင် အသက် ၆၁နှစ်ရှိ ဂက်ဇ်မင်းန်ကို နောက်ထပ် ထောင်ကထွက်မပြေးနိုင်အောင် အမေရိကန်ပြည်ထောင်စုရှိ လုံခြုံရေးအတင်းကျပ်ဆုံး ထောင်ကို ပို့မည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့် ၂၀၁၇ခုနှစ်က အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းမအပ်နှံမီ ၎င်းသည် မက္ကဆီကိုအကျဉ်းထောင်မှ နှစ်ကြိမ်တိုင်တိုင် ထွက်ပြေးလွတ်မြောက်ခဲ့သည်။

၎င်း၏ မူးယစ်ဆေးဂိုဏ်းသည် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်ဖိုးရှိသည့် ကိုကင်း၊ ဘိန်းဖြူ၊ မီသာမက်ဖက်တမင်းနှင့် ဆေးခြောက်တန်ချိန်ပေါင်း များစွာကို အမေရိကန်ပြည်ထောင်စုထဲသို့ တရားမဝင်တင်သွင်းခဲ့ပုံကို ရှင်းပြရန် သက်သေပေါင်း ၅၀ ကျော်ကို ဗဟိုအစိုးရရှေ့နေများက တရားရုံးတွင် ထွက်ဆိုစေခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



မူးယစ်ဂိုဏ်းခေါင်းဆောင် အယ်လ်ချာပိုကို တွေ့ရစဉ်။

## ဆီးရီးယားရှိ တိုက်ပွဲဖြစ်ပွားရာ နယ်မြေများမှ အရပ်သားပြည်သူ ရာနှင့်ချီထွက်ပြေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများ နောက်ဆုံးခြေကုပ်ယူထားသည့် ဆီးရီးယားအရှေ့ပိုင်း နယ်မြေတွင် တိုက်ပွဲများဖြစ်ပွားနေသည်မှာ ဗုဒ္ဓဟူးနေ့တွင် ငါးရက်မြောက်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး စစ်သွေးကြွများထိန်းချုပ်ထားရာ နယ်မြေများမှ ပြည်သူများစွန့်ခွာထွက်ပြေးလျက်ရှိသည်။

ဆီးရီးယားကာကွယ်ရေးတပ်ဖွဲ့ (SDF)အဖွဲ့ပြောရေးဆိုခွင့်ရှိသူ မူစတာဖာဘာလီက ပဋိပက္ခဖြစ်ပွားရာဇုန်မှ အရပ်သား ၆၀၀ တို့ တစ်ညလုံးထွက်ပြေးခဲ့ကြကြောင်း အင်္ဂါနေ့က ပြောကြားခဲ့သည်။ဆီးရီးယား လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က အဆိုပါနေ့၌ပင် နောက်ထပ် ပြည်သူ ၃၅၀ တို့ ထွက်သွားခဲ့ကြောင်း ပြောကြားခဲ့သည်။

ရာနှင့်ချီသော အရပ်သားပြည်သူများသည် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများ နောက်ဆုံးခြေကုပ်ယူရာ ကျွန်းဆွယ်အနီးရှိ Baghouz မှ တစ်နေ့လုံး၊ တစ်ညလုံးထွက်ပြေးခဲ့ကြောင်း ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

# (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားများ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျင်းပ

**ရှမ်းပြည်နယ်**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးများ၊ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်နေရာယူကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုခြင်းများကို အလံကိုင်ဂုဏ်ပြုရဲတပ်ဖွဲ့က ဆောင်ရွက်ပေးသည်။ ယင်းနောက် ၂၀၁၉ ခုနှစ် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို "ညီညွတ်မှုအခြေခံ ပင်လုံညီလာခံ" သီချင်းဖြင့် ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများ၏ ရိုးရာယဉ်ကျေးမှုအကနှင့်အတူ ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့လာသော (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ဖတ်ကြားသည်။ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အဆင့်မြင့် ပညာအဆင့် ဆောင်းပါးပြိုင်ပွဲနှင့် အခြေခံပညာ (အထက်တန်း၊ အလယ်တန်း)အဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန် တစ်လုံ ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေး နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်တို့က ဆုများချီးမြှင့်ပေးသည်။

**မိုးလွင်ဦး (လွိုင်လင်)**



ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ရှေ့၌ ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာသူများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။



ဖေဖော်ဝါရီ ၁၂ရက်က မြစ်ကြီးနားမြို့ ပန်းခြံ၌ မြန်မာ့ကျောက်စိမ်းရတနာစိုက်ထူပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးလဆိုင်းနှင့် ကျောက်စိမ်းရတနာအလှူရှင် ဘန်လွန်ဒူဝါ ဒေါက်တာ ဘွမ်ယွန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ မျိုးမြင့်စိုး (မြန်/ဆက်)

**စစ်ကိုင်းတိုင်းဒေသကြီး**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံကို အလေးပြုခြင်း၊ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားနှင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် မာရသွန်ပြိုင်ပွဲတို့မှ ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မုံရွာခရိုင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဖုန်းမြတ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မုံရွာမြို့ရှိ သားဖွားနှင့် သူနာပြုသင်တန်းကျောင်း၊ စီးပွားရေးတက္ကသိုလ်တို့မှ တိုင်းရင်းသားအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့က အလေးပြုကြပြီးနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဖတ်ကြားခဲ့သည်။

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် မာရသွန်ပြိုင်ပွဲတို့မှ ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**

**တနင်္သာရီတိုင်းဒေသကြီး**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ငြိမ်းချမ်းရေး မာရသွန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က ထားဝယ်မြို့ လေဆိပ်လမ်း စုရပ်ဖြစ်သော ထားဝယ်ဂေါက်ကလပ်အရှေ့၌ ကျင်းပရာ ဝါသနာရှင် လူငယ်မောင်မယ် ၉၇၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသ ကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ၁ မှ ၅၀ အထိ ပန်းဝင်သော လူငယ်မောင်မယ်များအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (မြန်/ဆက်)**

**ချင်းပြည်နယ်**

ချင်းပြည်နယ် ဟားခါးမြို့တွင် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဟားခါးမြို့ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး နိုင်ငံတော်အလံကို အလေးပြုကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားခဲ့သည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများ ပြသထားရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံ၏ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် မြန်မာနိုင်ငံ၏ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇၀ ဒသမ ၁၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၂ ဒသမ ၂၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၂ ဒသမ ၃၉ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၉ ဒသမ ၂၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၉ ဒသမ ၆၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၂၈ ဒသမ ၉၇ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၇၁ ဒသမ ၃၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၈၆ ဒသမ ၅၈ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၆၃ ဒသမ ဝ၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၈ ဒသမ ၅၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၂၁ ဒသမ ၅၈ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၉၁ ဒသမ ၈၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂၆ ဒသမ ၅၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀၁၈ ဒသမ ၃၇ သန်း ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၄၃၉ ဒသမ ၉၅ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၉၆ ဒသမ ၇၉ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**




## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် တင်ဒါလုပ်ငန်းများ ချပြရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုင်းပျဉ်မြို့နယ်၏ ၂၀၁၂-၂၀၁၃ မှ ၂၀၁၈ ခုနှစ် mini ဘတ်ဂျက်ပေးဆောင်ခဲ့သော တစ်အိမ်တိုင်ရေသွယ်စနစ်အတွက် ညွှန်ကြားရေးမှူးချုပ်မှ ပေးပို့သည့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ လုပ်ငန်းနှင့်ပတ်သက်၍ ချပြရှင်းလင်းခြင်းကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ရုံး၌ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ အဆိုပါ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲတွင် မိုင်းပျဉ်မြို့နယ်မှ ပန်ဟိုင်းကျေးရွာ၊ ကောင်းဝိန်းကျေးရွာ၊ ကောင်းပျက်ကျေးရွာ အပါအဝင် ကျေးရွာ ၁၁ ရွာအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** ဝ၁၂

## ကျေးရွာ ၁၅ ရွာ သွားလာရေးလွယ်ကူစေမည့် မြေသားလမ်းခင်းမှု ကွင်းဆင်းကြည့်ရှု

**အုတ်တွင်း ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို VDP ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၂ ရက်က အုတ်တွင်းမြို့နယ် နတ်စဉ်ကုန်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာနှင့် ပေါက်တောကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာတို့တွင် ကျောက်ရောမြေသားလမ်းခင်းမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းကျေးရွာနှစ်ရွာ၏ ကျောက်ရောမြေသားလမ်းများကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၁၀ စီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဒွေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကျေးရွာနှစ်ရွာတွင် ကျောက်ရောမြေသားလမ်းများခင်းပြီးပါက ကျေးရွာချင်းဆက်ကျေးရွာပေါင်း ၁၅ ရွာတို့၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်သည်။

**မော်ကျွန်းမြင့်အောင်**

# ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် မြန်မာ့ရိုးရာအစားအစာများဖော်ထုတ်သည့် ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၁၃**

ခရီးသွားကဏ္ဍ မြှင့်တင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)တို့မှ ပူးပေါင်းကျင်းပသည့် ပထမအကြိမ် မြန်မာ့ရိုးရာအစားအစာများဖော်ထုတ်သည့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ မဟာမုနိဘုရားကြီး အရှေ့ဘက်တာတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို မဟာမုနိဘုရားကြီး အကြိမ် (၆၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ခရီးသွားကဏ္ဍနှင့် ဆက်စပ်သည့် အသင်းအဖွဲ့ ၁၁ ဖွဲ့မှ ရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များ၊ မြန်မာ့လက်မှုအနုပညာ ထွက်ကုန်များနှင့် အမှတ်တရအရောင်းဆိုင်ခန်းပေါင်း ၆၀ ခင်းကျင်းပြသသွားမည့်အပြင် ရိုးရာထမနဲထိုးပြိုင်ပွဲကြီးကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်နှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၇ ရက်က ပြုလုပ်သည့် သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားခဲ့သည်။

"ဘုရားပွဲတော်ကြီးကို လာရောက်ကြတဲ့ ပြည်တွင်းပြည်ပ ခရီးသွားတွေအနက် ပြည်ပခရီးသွားတွေကို ရိုးရာအစားအစာတွေ၊ ရိုးရာထမနဲထိုးပြိုင်ပွဲတွေနဲ့ ဖော်ထုတ်ဆွဲဆောင်ပြီး ခရီးသွားကဏ္ဍမြှင့်တင်ဖို့ ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ပြည်ပခရီးသွားတွေကို ရိုးရာအစားအစာတွေနဲ့ တည်ခင်းဧည့်ခံမယ်။ ထမနဲထိုးပြိုင်ပွဲအကြောင်းနဲ့ ပါဝင်ပစ္စည်းတွေကို နိုင်ငံတကာသုံး ဘာသာစကားနဲ့ LED ဘုတ်တွေမှာ ဖော်ပြပေးထားမယ်။ မန္တလေးမြို့မှာ ထင်ရှားတဲ့ ဘုရားကြီးရဲ့ဗုဒ္ဓပူဇနီယပွဲတော်မှာ ကြုံကြိုက်တုန်း ခရီးသွားကဏ္ဍမြှင့်တင်ဖို့အတွက် ဆောင်ရွက်တဲ့လုပ်ရှားမှုတစ်ခုပါပဲ "ဟု ၎င်းက ပြောသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် အသင်း ၁၆ သင်းအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ နေ့စဉ် ရှစ်သင်းနှုန်းဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဆုရရှိသူများကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်းအပြင် နှစ်သိမ့်ဆုများအဖြစ် အသင်း ၅ သင်းကို ရွေးချယ်၍ တစ်သင်းလျှင် ငွေကျပ် တစ်သိန်းနှုန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌ ဦးသကြ်န်ကျော်က ပြောသည်။

**အောင်ဖြိုးကျော်**

# ခန္တီးမြို့၌ ရတနာမြေမြို့သင်္ကေတအဖြစ် ကျောက်စိမ်းတုံးကြီးပြသထားမည်

**ခန္တီး ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သည် ရတနာမြေဖြစ်သည့်အတွက် မြို့သင်္ကေတအဖြစ် အလေးချိန် လေးတန်ကျော် ကာလတန်ဖိုး ငွေကျပ်သိန်းတစ်ထောင်ကျော်တန်ဖိုးရှိ ကျောက်စိမ်းတုံးကြီးကို ခန္တီးမြို့တွင်ပြသထားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ

**ခန္တီးမြို့တွင် ထားရှိမည့် ကျောက်စိမ်းတုံးကြီး**



ကျောက်စိမ်းတုံးကြီးကို ကျောက်မျက်ဌာနက ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီမှ အလှူခံပြီး ခန္တီးမြို့၏ မြို့သင်္ကေတအဖြစ် ထားရှိရန် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ ကျောက်စိမ်းတုံးကြီးကို ခန္တီးမြို့မြို့မရပ်ကွက်ရှိ ကမ်းနားလမ်း မဍ္ဍုပ်နခြံ၌ ထားရှိရန် ဆောင်ရွက်လျက်ရှိသည်။

"ကျောက်စိမ်းတုံးကြီးအတွက် နိုင်ငံတော်ကို ငွေကျပ် ၂၈ သိန်း အခွန်ဆောင်ထားပါတယ်။ ကျောက်စိမ်းတုံးကြီးထားရှိမယ့် ပန်းခြံအတွင်းမှာ ကြာပန်းပုံကလပ်တည်ဆောက်နေပါပြီ။ အရင်တုန်းက ကျွန်တော်တို့ဒေသမှာ ဒီလိုကျောက်စိမ်းမျိုးတွေ ထွက်ရှိခဲ့ပါလားဆိုတဲ့ အထိမ်းအမှတ်အနေနဲ့ နောင်လာနောက်သားတွေသိလာစေဖို့ တည်ဆောက်ပေးနေတာပါ။ ကျောက်အမျိုးအစားကတော့ခန္တီးမြို့နယ် နန်စီဗွန်ဒေသနတ်မှော် မှော်ကထွက်ရှိတဲ့ ငလန်ပန်းအရည်ကျောက်အမျိုးအစားဖြစ်ပြီး ကာလတန်ဖိုးကငွေကျပ် သိန်းတစ်ထောင်ကျော် တန်ဖိုးရှိပါတယ်" ဟု ခန္တီးမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဘကြိုင် ကပြောသည်။

**ချန်လော (ခန္တီး)**

# မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာကြောင်း UNODC က ထုတ်ပြန်

ဗီယင်နာ ဖေဖော်ဝါရီ ၁၃

**မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) က ၂၀၁၈ခုနှစ် မြန်မာ့ဘိန်းဖြူ စိုက်ပျိုးထုတ်လုပ်သုံးစွဲမှုဆိုင်ရာ စစ်တမ်းတစ်ရပ်ကို မကြာသေးမီက ထုတ်ပြန်လိုက်ကြောင်း သိရသည်။**

အဆိုပါစစ်တမ်းတွင် ၂၀၁၈ခုနှစ်၌ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်သည့် ဒေသ ၃၇၃၀၀ဟက်တာရှိခဲ့ကြောင်းနှင့် လွန်ခဲ့သော ၂၀၁၇ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ဘိန်းစိုက်ပျိုးဒေသ လျော့နည်းလာကြောင်းနှင့် ဘိန်းစိုက်ပျိုးမှုသည် ၂၀၁၄ခုနှစ်မှစကာ တဖြည်းဖြည်းကျဆင်းလာနေကြောင်း ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံ၏ဘိန်းအဓိကစိုက်ပျိုးထုတ်လုပ်ရာ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၁၂ ရာခိုင်နှုန်းကျဆင်းလာကြောင်း ဖော်ပြထားသည်။

ထို့အပြင် ချင်းပြည်နယ်နှင့် ကယားပြည်နယ်များတွင်လည်း ဘိန်းစိုက်ဧရိယာ ဟက်တာ ၁၂၀၀ခန့်သာရှိတော့ကြောင်း သိရသည်။



မိုင်းပြင်းမြို့၌ ဘိန်းစိုက်ခင်းများကို ပူးပေါင်းအဖွဲ့က ရှင်းလင်းဖျက်ဆီးနေစဉ်။

### ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်း

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် တကယ့်လက်တွေ့တွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းဒေသများတွင် ၇ ရာခိုင်နှုန်း၊ ၈ ရာခိုင်နှုန်းနှင့် ၁၇ ရာခိုင်နှုန်းစီ အသီးသီးကျဆင်းခဲ့ကြောင်းနှင့် ကချင်ပြည်နယ်တွင် ၁၅ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။ ၂၀၁၇ ခုနှစ်တွင် ချင်းပြည်နယ်နှင့် ကယားပြည်နယ်များတွင် စစ်တမ်းကောက်ယူမှုများ မပြုလုပ်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် အဆိုပါပြည်နယ်နှစ်ခု၏ စုစုပေါင်း ဘိန်းစိုက်ပျိုးမှုသည် ၂၆ ရာခိုင်နှုန်းသာရှိကြောင်း ဖော်ပြခဲ့သည်။

### ၈ ရာခိုင်နှုန်းလျော့နည်းကျဆင်း

ပျမ်းမျှဘိန်းထွက်ရှိနိုင်မှုသည် တစ်ဟက်တာလျှင် ၁၃ ဒသမ ၉ ကီလိုဂရမ်ရှိကြောင်းသိရသည်။ ခန့်မှန်းဘိန်းထုတ်လုပ်မှုသည် ၂၀၁၈ခုနှစ်တွင် ၅၂၀ မက်ထရစ်တန်ရှိကြောင်း သိရသည်။ ဘိန်းထုတ်လုပ်မှုအများဆုံးဖြစ်သော ရှမ်းပြည်နယ်တွင် စုစုပေါင်း ၉၀ ရာခိုင်နှုန်းထုတ်လုပ်ခဲ့ကြောင်းနှင့် ကျန်ဒေသများတွင် ၄၆၁ မက်ထရစ်တန်ထုတ်လုပ်ခဲ့ကြောင်း၊ ယင်းပမာဏသည် လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်လျှင် ၈ ရာခိုင်နှုန်းလျော့နည်းကျဆင်းသွားကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဘိန်းဖျက်ဆီးမှုအရေအတွက်သည် အစိုးရ၏ဖော်ပြချက်အရ ယခင်နှစ်များဖြစ်သည့်၂၀၁၀မှသည် ၂၀၁၂၊ ထိုမှတစ်ဖန် ၂၀၁၄ခုနှစ်အထိ အကြိမ်များခဲ့ပြီး ၂၀၁၇ခုနှစ်မှ ၂၀၁၈ ခုနှစ် ဘိန်းစိုက်ပျိုးရာသီအထိ ၂၆ ရာခိုင်နှုန်းခန့်ထိ အကြိမ်လျော့နည်းလာခဲ့ကြောင်း သိရသည်။

### ဖမ်းဆီးရမိမှု ပိုမိုများပြား

ဘိန်းဖမ်းဆီးရမိမှုသည် ၂၀၁၅ခုနှစ်မှစကာ မြင့်တက်ခဲ့သည်။ ဇန်နဝါရီ ၂၀၁၈ ခုနှစ်မှ ဇွန် ၂၀၁၈ခုနှစ်အထိ ဘိန်းဖမ်းဆီးရမိမှု ၃၀၀၀ ကီလိုဂရမ်နီးပါးရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ ယင်းပမာဏသည် ၂၀၁၇ခုနှစ်တစ်ခုလုံး၏ ဘိန်းဖမ်းဆီးရမိမှုနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားကြောင်း သိရသည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းမှ ၂ ဒသမ ၃ သန်းအထိရှိခဲ့ပြီး မြန်မာနိုင်ငံ၏ တရားမဝင်ဘိန်းဈေးကွက်သည် ၂၀၁၈ခုနှစ် နိုင်ငံ့စီးပွားရေး၏ သိသာသည့် ဝေစုတစ်စုနီးပါးရှိကြောင်း သိရသည်။ ပြည်တွင်း ဘိန်းသုံးစွဲမှုသည် ၇ ဒသမ ၆ တန်ခန့်ရှိပြီး ပျမ်းမျှတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၃၈ မှ ၄၀၁သန်းအထိရှိကြောင်း သိရသည်။ နိုင်ငံခြားသို့ တင်ပို့သည့်ဘိန်းဖြူပမာဏသည် ၂၀ မှ ၄၅ တန်အထိရှိပြီး အမေရိကန်ဒေါ်လာ ၇၈၂သန်းမှ ၁၇၉၈သန်းကြားရှိကြောင်း သိရသည်။

**ဘာသာပြန် - ကိုကိုလင်း**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၃-၂-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၉၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၅ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၆ · ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၀ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၃ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၃ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၈ · ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ · ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ · ၂၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၇၆၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၇ · ၇၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၀၉၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ချောကလက်နှင့် ချစ်သက်လက်ဆောင်

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာ့ဒေသအနှံ့အပြားရှိ စားသောက်ဆိုင်များ၊ စူပါမားကက်များ၊ ဟိုတယ်များ၊ စတိုးဆိုင်များနှင့် ဈေးဆိုင်များတွင် အရွယ်အစားမျိုးစုံ၊ ပုံစံမျိုးစုံ၊ အရသာမျိုးစုံ၊ ထုပ်ပိုးမှုမျိုးစုံဖြင့် တွင်တွင်ကျယ်ကျယ် ရောင်းချနေသော စားသောက်ကုန်တစ်မျိုးကို ပြပါဆိုလျှင် ကိုကိုးစေ့ကို အခြေခံ၍ ဖန်တီးပြုလုပ်ထားသော ချောကလက်မုန့်မျိုးစုံကို ညွှန်းဆိုရပေလိမ့်မည်။

တစ်ချိန်က မင်းစိုးရာဇာ အနွယ်ဝင်များနှင့် ကြေးရတတ် လူကုံထံတို့သာ စားသုံးနိုင်ခဲ့ကြသော၊ တစ်နည်းဆိုသော် တန်ဖိုးထား၍ စားသုံးခဲ့ကြသော ချောကလက်သည် ယနေ့အချိန်တွင် လူတန်းစားမရွေး လက်တစ်ကမ်း၌ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်သော အစားအစာတစ်မျိုးအဖြစ်သို့ ပြောင်းလဲရောက်ရှိလာခဲ့ပြီဖြစ်သည်။ ချောကလက်သည် စွဲမက်နှစ်ခြိုက်ဖွယ်အရသာနှင့် ပြည့်စုံလှသည့်အတွက် လူမျိုး ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ သဘောတွေ့ လက်ခံကြသော အစားအစာတစ်မျိုးလည်း ဖြစ်သည်။

### နတ်သုဒ္ဓါ

ချောကလက်သည် ကိုကိုးပင်မှ ထွက်ရှိသော ကိုကိုးစေ့များမှ ရယူထုတ်လုပ်သော အစားအစာတစ်မျိုး ဖြစ်သည်။ နတ်သုဒ္ဓါဟု အဓိပ္ပါယ်ရသည့် Theobroma Cacao သည် ကိုကိုးပင်၏ သိပ္ပံအခေါ်အဝေါ်ဖြစ်သည်။ ကိုကိုးပင်မှ ထုတ်လုပ်ရရှိသော ချောကလက်ကို လွန်ခဲ့သော ထောင်စုနှစ်များကပင် နှစ်ခြိုက်စွာ တန်ဖိုးထား စားသုံးခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ကျော်က ရှေးခေတ်လူတို့သည် ကိုကိုးသီးဖြင့် ရောစပ်ပြုလုပ်ထားသော အရက်တစ်မျိုးကို နှစ်ခြိုက်စွာ သောက်သုံးခဲ့ကြကြောင်း သိပ္ပံသုတေသီတို့က လေ့လာတွေ့ရှိခဲ့ကြသည်။

သုတေသီတို့သည် သက်တမ်း နှစ်ပေါင်းသုံးထောင်ကျော် ရှိခဲ့ပြီဖြစ်သော ရှေးခေတ်မြေအိုးများကို သုတေသနပြုလုပ်ခဲ့ကြသည်။ ယင်းမြေအိုးများ၏ နံရံတွင် ကပ်ငြိနေသော ဓာတုပစ္စည်းတစ်မျိုးကို ဓာတ်ခွဲကြည့်သည့်အခါ ကိုကိုးသီးနှင့်ရောစပ်၍ ချက်လုပ်ထားသော အရက်တစ်မျိုး၏ ဓာတုဓာတ်ကြွင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ဤသည်မှာကား လွန်ခဲ့သော နှစ်ထောင်ချီကာလကပင် ကိုကိုးသီး၏ ခါးသက်သောအရသာကို အရက်ချက်လုပ်ရာ၌ ထည့်သွင်းအသုံးပြုခဲ့ကြခြင်း၏ ခိုင်မာသော အထောက်အထားများပင် ဖြစ်သည်။

### ချောကလက်နှင့် မာယန်လူမျိုးများ

ကမ္ဘာ့လူသားတို့၏ ယဉ်ကျေးမှုတစ်ခေတ်ကို မှတ်ကျောက်အဖြစ် တင်နိုင်ခဲ့ကြသည့် မာယန်လူမျိုးတို့၏ယဉ်ကျေးမှုသည် လွန်ခဲ့သော နှစ် ၂၀၀၀ ကျော်က ထွန်းကားခဲ့သည်။ ၂၀၁၂ ခုနှစ်အထိကိုသာ ရေးဆွဲအဆုံးသတ်ခဲ့သော မာယန်လူမျိုးတို့၏ ပြက္ခဒိန်ကြောင့် ၂၀၁၂ နှစ်ကုန်တွင် ကမ္ဘာကြီးပျက်သုဉ်းမည်ဟူသော ကောလာဟလသည်လည်း တောမီးပမာ ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့သွားခဲ့သည်အထိ ကမ္ဘာ့လူသားတို့အပေါ်တွင် မာယန်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် မာယန်လူမျိုးတို့၏ ပြက္ခဒိန်က လွှမ်းမိုးခဲ့သည်။

ထိုမျှ ယဉ်ကျေးမှုတစ်ခေတ်ကို ထူထောင်နိုင်ခဲ့ကြသော မာယန်လူမျိုးတို့၏ အနုပညာလက်ရာများတွင် ကိုကိုးပင်များ၏ပုံကို အထင်အရှား တွေ့မြင်နိုင်သည်။ ဗဟိုအမေရိကဒေသတွင် အခြေချ နေထိုင်ခဲ့ကြသော မာယန်လူမျိုးများသည် ကိုကိုးပင်များကို စီးပွားဖြစ် စိုက်ပျိုးခဲ့ကြရုံမျှမက ၎င်းတို့၏ နေအိမ် ပတ်ဝန်းကျင်များ၌လည်း အမြတ်တနိုး စိုက်ပျိုးခဲ့ကြကြောင်းကို လေ့လာတွေ့ရှိရသည်။

သုတေသနပြု တွေ့ရှိချက်တို့က မာယန်လူမျိုးတို့၏ ယဉ်ကျေးမှုခေတ် တစ်လျှောက်လုံးတွင် ကိုကိုးပင်များ၏အခန်းကဏ္ဍက မည်မျှ အရေးပါခဲ့ကြောင်း ဖော်ပြလျက်ရှိနေသည်။ မာယန်လူမျိုးတို့သည် ကိုကိုးပင်မှရရှိသော ကိုကိုးစေ့များကို အနှစ်ကျသည်အထိ ကျိုချက်ပြီး ချောကလက်အရည်အဖြစ် ဖန်တီးပြုလုပ်ခဲ့ကြသည်။ ကိုကိုးစေ့အနှစ်များကို ဟင်းခတ် အမွှေးအကြိုင်တို့နှင့် ရောစပ်ပြီး အနံ့နှင့် အရသာတို့ကို စိတ်ကြိုက်ဖန်တီးခဲ့ကြသည်။

ထိုစဉ်ကာလက မင်းစိုးရာဇာနွယ်ဝင် မာယန်လူမျိုးတို့သည် အခမ်းအနားများတွင် အထူးစားသောက်ဖွယ်တစ်ခုအဖြစ် ချောကလက်ရည်ကို တန်ဖိုးထား သောက်သုံးခဲ့ကြသည်။ ထို့အတူ လက်ထပ်မင်္ဂလာပွဲများ၌လည်း သတို့သားနှင့် သတို့သမီးတို့က အစဉ်အလာတစ်ရပ်အဖြစ် ချောကလက်ရည်ကို သောက်သုံးခဲ့ကြသည်။ ချောကလက်ရည် သောက်သုံးမှုသည် မင်္ဂလာမောင်နှံ သတို့သားနှင့် သတို့သမီးတို့၏ ဘဝတစ်သက်တာပေါင်းစည်းမှု သင်္ကေတအဖြစ် မာယန်ယဉ်ကျေးမှုခေတ်၏ ဓလေ့ထုံးထမ်းတစ်ခုဖြစ်ခဲ့သည်။

### မက္ကဆီကိုဒေသမှ ချောကလက်

ပေ၊ ပုရပိုက် မှတ်တမ်းများနှင့် အစဉ်အဆက်လက်ဆင့်ကမ်းခဲ့သည့် တစ်ဆင့်စကားများအရ မက္ကဆီကိုဒေသ၌လည်း ချောကလက်ရည်ကို တန်ဖိုးထား သောက်သုံးခဲ့ကြကြောင်း သိရှိရသည်။ ချောကလက်၏ ကုန်ကြမ်းပစ္စည်းဖြစ်သော ကိုကိုးပင်များသည် ထိုစဉ်ကာလများက မက္ကဆီကိုဒေသ၌ သဘာဝအလျောက် ပေါက်




ရောက်ခဲ့ခြင်းလည်းမရှိ၊ စိုက်ပျိုးမည့်သူလည်းမရှိ ဖြစ်ခဲ့ရသည်။ သို့ရာတွင် ဒေသထွက်ပစ္စည်းများကို ကုန်သွယ်မှုပြုကြရာ၌ ကိုကိုးစေ့များကို ငွေကြေးသဖွယ် တန်ဖိုးထားပြီး ကုန်သွယ်ခွန်အဖြစ် ပေးဆောင်စေခဲ့သည်။

အခွန်အဖြစ် ကောက်ခံရယူခဲ့သော ကိုကိုးစေ့များကို စမ်းသပ်စိုက်ပျိုးရာမှ ကိုကိုးပင်များသည် မက္ကဆီကိုမြေပေါ်၌ ကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက်လာခဲ့သည်။ ကိုကိုးပင်များမှ ရရှိသော ကိုကိုးစေ့များကို ဒေသခံ မက္ကဆီကို လူမျိုးတို့က ကျိုချက်သောက်သုံးခဲ့ကြခြင်းဖြင့် ချောကလက်သောက်သုံးမှုဓလေ့သည် မက္ကဆီကိုဒေသတွင် ခေတ်စားလာခဲ့သည်။ ထိုခေတ်ကာလများက မက္ကဆီကို ဘုရင်များနှင့် မိဖုရားများ၊ မင်းမျိုးမင်းနွယ်များသည် ချောကလက်ရည်ကို နေ့စဉ် သောက်သုံးခဲ့ကြသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် မက္ကဆီကိုဒေသနှင့် မက္ကဆီကိုလူမျိုးတို့၏ ဓလေ့ထုံးထမ်းများထဲတွင်လည်း ချောကလက်စားသုံးသည့် အလေ့အထသည် မည်မျှခမ်းနားထည်ဝါခဲ့ကြောင်း သိရှိနိုင်သည်။

နယ်မြေသစ် စွန့်စားရှာဖွေသူ ခရစ္စတိုဖာ ကိုလံဘတ်စ်(Christopher Columbus)က ၁၅၀၂ ခုနှစ်တွင် ဗဟိုအမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ဗဟိုအမေရိကသို့ ကိုလံဘတ်စ် ရောက်ရှိချိန်တွင် ဗဟိုအမေရိကတိုက်တစ်ခွင်၌ စနစ်တကျစိုက်ပျိုးထားသော ကိုကိုးပင်များသည် ဒေသတစ်ခွင်တစ်ပြင်လုံး၌ ကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက်လျက်ရှိသည်။ ကိုကိုးပင်များမှထွက်သော ကိုကိုးစေ့များ၏ အဖိုးထိုက်တန်မှုကို ကောင်းစွာသိရှိလိုက်သော ကိုလံဘတ်စ်သည် ကိုကိုးစေ့ အမြောက်အမြားကို စပိန်နိုင်ငံသို့အပြန်တွင် တစ်ပါတည်း ယူဆောင်သွားခဲ့သည်။

ကိုလံဘတ်စ်ကဲ့သို့ပင် စပိန်လူမျိုး နယ်မြေသစ်ရှာသူ ဟာနန်ဒိုကော့စ်(Hernando Cortes) သည်လည်း ၁၅၁၉ ခုနှစ်တွင် မက္ကဆီကိုသို့ရောက်ရှိခဲ့သည်။ ချောကလက်ရည်သောက်သုံးမှု ဓလေ့သည် မက္ကဆီကို၌ အလွန်ခေတ်စားနေသည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့သော ဟာနန်ဒိုကော့စ်သည် စပိန်နိုင်ငံသို့အပြန်တွင် ကိုကိုးစေ့များကိုသာမက အဆင်သင့်သောက်သုံးနိုင်သော ချောကလက်ရည်များကိုပါ ယူဆောင်သွားခဲ့သည်။

### စပိန်မှ ဥရောပသို့

နယ်မြေစွန့်စားရှာဖွေသူ ကိုလံဘတ်စ်နှင့် ဟာနန်ဒိုကော့စ်တို့၏ စွမ်းဆောင်မှုကြောင့် စပိန်နိုင်ငံတွင် ကိုကိုးပင်များ စိုက်ပျိုးခြင်း၊ ကိုကိုးထွက်ကုန်များ ရောင်းဝယ်ခြင်း၊ ချောကလက်ချက်လုပ်ခြင်းနှင့် ချောကလက်ရည်သောက်သုံးခြင်းစသော ချောကလက်ယဉ်ကျေးမှု ထွန်းကားပြန့်ပွားသည့်ခေတ်တစ်ခေတ် ဖြစ်လာခဲ့သည်။ မက္ကဆီကိုနိုင်ငံ၏ ပထဝီသွင်ပြင် အနေအထား၊ ရေမြေတောတောင် သဘာဝနှင့် ကိုကိုးပင်များ စိုက်ပျိုးခြင်းလုပ်ငန်း၊ ချောကလက် ထုတ်လုပ်သည့်လုပ်ငန်း စသည်တို့ကို မျက်စိကျသွားခဲ့သော စပိန်တို့သည် နောက်ပိုင်းတွင် မက္ကဆီကိုနိုင်ငံကို သိမ်းပိုက်ခဲ့သည်။

စပိန်၏ ကိုလိုနီဘဝသို့ ရောက်ရှိသွားခဲ့သော မက္ကဆီကိုနိုင်ငံသည် ကိုကိုးထွက်ကုန်ဖြန့်ဖြူးမှုလုပ်ငန်းတစ်ရပ်လုံးကိုပါ သိမ်းယူခြင်းခံခဲ့ရကာ မက္ကဆီကိုနိုင်ငံမှထွက်ရှိသော ကိုကိုးထွက်ကုန်အများစုကို စပိန်နိုင်ငံသို့ တင်ပို့ပေးခဲ့ရသည်။ မက္ကဆီကိုမှ တင်ပို့ပေးသော ကိုကိုးထွက်ကုန်ပစ္စည်းများကြောင့် စပိန်နိုင်ငံတွင် ကြီးမားသော ချောကလက်ဈေးကွက်ကြီး ဖြစ်ပေါ်လာခဲ့သည်။

စပိန်နိုင်ငံတစ်ဝန်းရှိ လူကုံထံ သူဌေးများကြားသို့ ချောကလက်ရည်သောက်သုံးမှုဓလေ့သည် ကျယ်ကျယ်ပြန့်ပြန့် စိမ့်ဝင်ရောက်ရှိခဲ့ကာ ထိုမှတစ်ဆင့် စပိန်နိုင်ငံသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်များ၊ စပိန်နိုင်ငံမှ အခြားနိုင်ငံများသို့ သွားရောက်လည်ပတ်သော ခရီးသွား လူကုံထံများမှတစ်ဆင့် ချောကလက်ရည်သောက်သုံးမှု ဓလေ့သည် ဥရောပတစ်ခွင်သို့ ပျံ့နှံ့ရောက်ရှိသွားခဲ့သည်။

အင်္ဂလိပ်၊ ပြင်သစ်နှင့် ဒတ်ချ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်ကြီးများသည်လည်း စပိန်လူမျိုးများကဲ့သို့ပင် ၎င်းတို့၏ ကိုလိုနီနယ်မြေများ၌ ကိုကိုးပင်များကို အကြီးအကျယ် စိုက်ပျိုးခဲ့ကြသည်။ ကိုကိုးထွက်ကုန်များနှင့် ကိုကိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။ ချောကလက်ထုတ်လုပ်မှု နည်းပညာကိုလည်း အဆင့်မြှင့်တင်ခဲ့ကြသည်။

### ချောကလက်ထုတ်လုပ်မှု နည်းပညာ

ထို့ကြောင့်ပင် ၁၈ ရာစုကုန်ဆုံးသည့် အချိန်ကာလအထိ ကြေးရတတ် လူတန်းစားတို့သာ သောက်သုံးနိုင်ခဲ့ကြသော ချောကလက်ရည်ကို ၁၉ ရာစုအရောက်တွင် ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များ အသုံးချကာ ကုန်ကျစရိတ်သက်သာစွာဖြင့် ထုတ်လုပ်လာနိုင်ခဲ့သည်။ ဤသို့ဖြင့် ၁၉ ရာစုကာလတွင် လူလတ်တန်းစားတို့ပါ ချောကလက်ရည်ကို သောက်သုံးလာနိုင်ခဲ့ကြသည်။

ယနေ့ကာလတွင် အလယ်ပိုင်း အမေရိကဒေသ၊ တောင်အမေရိကဒေသနှင့် အာဖရိကဒေသများ၌ ကိုကိုးပင်များကို အမြောက်အမြား စိုက်ပျိုးလျက်ရှိနေကြသည်။ အီကွေတာနှင့် နီးကပ်သော မိုးသစ်တောများသည် ကိုကိုးပင်များပေါက်ရောက်ဖြစ်ထွန်းနိုင်သည့် နယ်မြေများ ဖြစ်ကြသည်။ သို့ရာတွင် မြေဆီသြဇာ၊ ရေ၊ အပူဓာတ်နှင့် အရိပ်အာဝါသ အကာအကွယ်တို့ ကောင်းမွန်ပြည့်စုံစွာ ရရှိမှသာလျှင် ငါးနှစ်သားအရွယ်၌ အသီးစတင်သီးနိုင်သော ကိုကိုးပင်၏ သဘာဝကြောင့် ကိုကိုးစေ့ထုတ်နိုင်သည့် အဆင့်အထိ ဖြစ်ထွန်းလာရန်မှာမူ ထင်သလောက် မလွယ်ကူလှပေ။

ကိုကိုးပင်မျိုးစိတ်များစွာရှိသည့်အနက် ကမ္ဘာတစ်ဝန်းလုံး၌ စားသုံးနေသည့် ချောကလက်အများစုကို Forastero ကိုကိုးမျိုးစိတ်မှ ထုတ်လုပ်ကြသည်။ Criollo နှင့် Trinitario ကိုကိုးမျိုးစိတ်များသည် ဒုတိယအများဆုံး စိုက်ပျိုးထုတ်လုပ်ကြသော ကိုကိုးပင် အမျိုးအစားများ ဖြစ်ကြသည်။ ကိုကိုးပင်များ၏ သဘာဝအရ သီးသန့်စိုက်ပျိုးသော အပင်များသည် သဘာဝအလျောက်ပေါက်ရောက်သော ကိုကိုးပင်များထက် ရောဂါဘယထူပြောသည့်အတွက် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အလွန်ပင်ပန်းကြသည်။

### ကိုကိုး ဈေးကွက်

ထို့အပြင် ကိုကိုးထွက်ကုန်များ၏ ထူးခြားချက်တစ်ရပ်မှာ Commodity Future ဟုခေါ်တွင်သည့် ဈေးကွက်သို့ ကြိုတင်ရောင်းချထားရခြင်းပင် ဖြစ်သည်။ ပဲပိစပ်၊ အုန်းသီးဆံခြောက်တို့ကဲ့သို့ပင် ပစ္စည်းမထွက်မီ ကြိုတင်အရောင်းအဝယ်ပြုလုပ်ရသည့် ကုန်ပစ္စည်းမျိုးဖြစ်သဖြင့်ကိုကိုး စိုက်ပျိုးလုပ်ကိုင်သူတို့၏ စီးပွားရေးအခြေအနေကို အမှန်တကယ် ရောင်းဝယ်ဖောက်ကားနေသည့် ဈေးကွက်အခြေအနေက ထင်ဟပ်နိုင်ခြင်းမရှိပေ။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ထိပ်တန်းဦးစားပေးအဖြစ် ရှေ့တန်းတင်လာကြသည့် ၂၁ ရာစုခေတ်တွင် ကိုကိုးစိုက်ပျိုးသည့် လုပ်ငန်းရှင်များသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်များ၊ သိပ္ပံသုတေသီများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် လက်တွဲ၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စိုက်ပျိုးနည်းသစ်များဖြင့် ပြောင်းလဲ ဆောင်ရွက်နေကြပြီဖြစ်သည်။

ကိုကိုးပင်များမှ ရရှိသော ကိုကိုးစေ့များကို ရွေးချယ်သန့်စင်ခြင်း၊ အစေ့ခွံကိုခွာပြီး Nibs ဟုခေါ်သည့် အတွင်းသားများကို ချောကလက်အနှစ်ရည်ဖြစ်သည်အထိ ချက်လုပ်ခြင်း၊ ထိုသို့ချက်လုပ်ရာမှ ကိုကိုးအခဲနှင့် ကိုကိုးအဆီတို့ကို ခွဲထုတ်ခြင်း စသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်သည် ရင်းနှီးမြှုပ်နှံမှု ကိန်းဂဏန်းပမာဏ ကြီးမားသည့်အပြင် စနစ်တကျရှိရန်လည်း အထူးလိုအပ်သည်။ ချောကလက်အနှစ်ရည်ထဲသို့ သကြား၊ နို့နှင့် ကိုကိုးအဆီတို့၏ ရောစပ်မှု ဖော်မြူလာအပေါ် မူတည်ပြီး အနံ့နှင့် အရသာများ ကွဲပြားခြားနားသော ချောကလက်စားသောက်ဖွယ်မျိုးစုံတို့ကို ချောကလက် လုပ်ငန်းရှင်များက ထုတ်လုပ်ပေးလျက် ရှိကြသည်။

ချောကလက်ရည်ကို နေ့စဉ် ခွက်ငါးဆယ်မျှ သောက်ခဲ့သော မက္ကဆီကိုဘုရင် မွန်တေဇူးမားကို အစွဲပြု၍ အမည်ပေးခဲ့ကြသော မွန်တေဇူးမား ချောကလက်၏ ထူးခြားချက်မှာ ဗီယက်နမ်နိုင်ငံမှထွက်ရှိသော သစ်ကြံပိုးခေါက်ကိုထည့်၍ ပြုလုပ်ထားသည့်အတွက် စူးရှသည့်အပူဓာတ်ကို ခံစားရသည်ဟု ချောကလက်ချစ်သူများက မှတ်ချက်ပေးကြသည်။

### ချစ်သက်လက်ဆောင်

စွဲမက်ဖွယ် အစားအသောက်တစ်မျိုးအနေဖြင့် နှစ်ခြိုက်စွာ စားသုံးရန်သာမက အမှတ်တရလက်ဆောင်အဖြစ်၊ မွေးနေ့လက်ဆောင်အဖြစ်နှင့် ချစ်သက်လက်ဆောင်အဖြစ်ပါ ဝယ်ယူလေ့ရှိကြသည့် ချောကလက်မုန့်မျိုးစုံတို့၏ ကုန်ကြမ်းဖြစ်သော ကိုကိုးသီးနှံများ၏ ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုးသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်အထိပင် ရှိနေသည်။

ကမ္ဘာ့ဒေသအနှံ့အပြားမှ ထွက်ရှိသော ဈေးအလွန်ကြီးသည့်ချောကလက်များကို ရောင်းချသည့်ဆိုင်များသည် လူအများစားသုံးနိုင်သော ချောကလက်အရောင်းဆိုင်များကဲ့သို့ အခြားစားသောက်ဖွယ်ရာများနှင့် ချောကလက်မုန့်များကို ရောနှောရောင်းချလေ့မရှိဘဲ ချောကလက်တစ်မျိုးတည်းကိုသာ သီးသီးသန့်သန့် ရောင်းချလေ့ရှိကြပြီး ထိုဆိုင်များသည် ချောကလက်ချစ်သူတို့အကြားတွင် အလွန်ရေပန်းစားလျက် ချောကလက်ယဉ်ကျေးမှုကို လက်ဆင့်ကမ်းရာ မဟာဗျူဟာမြောက်သည့် ချောကလက်စင်တာများအဖြစ် ရပ်တည်လျက်ရှိနေပေသည်။ ။

**“မက္ကဆီကိုနိုင်ငံ၏ ပထဝီသွင်ပြင် အနေအထား၊ ရေမြေတောတောင် သဘာဝနှင့် ကိုကိုးပင်များ စိုက်ပျိုးခြင်းလုပ်ငန်း၊ ချောကလက်ထုတ်လုပ်သည့်လုပ်ငန်း စသည်တို့ကို မျက်စိကျသွားခဲ့သော စပိန်တို့သည် နောက်ပိုင်းတွင် မက္ကဆီကိုနိုင်ငံကို သိမ်းပိုက်ခဲ့သည်။ စပိန်၏ကိုလိုနီဘဝသို့ ရောက်ရှိသွားခဲ့သော မက္ကဆီကိုနိုင်ငံသည် ကိုကိုးထွက်ကုန်ဖြန့်ဖြူးမှု လုပ်ငန်းတစ်ရပ်လုံးကိုပါ သိမ်းယူခြင်းခံခဲ့ရကာ မက္ကဆီကိုနိုင်ငံမှထွက်ရှိသော ကိုကိုးထွက်ကုန် အများစုကို စပိန်နိုင်ငံသို့ တင်ပို့ပေးခဲ့ရသည်။ မက္ကဆီကိုမှ တင်ပို့ပေးသော ကိုကိုးထွက်ကုန်ပစ္စည်းများကြောင့် စပိန်နိုင်ငံတွင် ကြီးမားသော ချောကလက်ဈေးကွက်ကြီး ဖြစ်ပေါ်လာခဲ့သည်”**

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းအယောင်ဆောင်၍ ရုံးပြင်ပတွင် ယာဉ်မှန်/မမှန်ကို လိမ်လည်စစ်ဆေးနေသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးယာဉ်စီးရေများပြားသဖြင့် အချိန်ကြာမြင့်ခြင်း၊ ယာဉ်ကြောကျပ်တည်းမှု ဖြစ်ပေါ်ခြင်းများ လျော့နည်းသက်သာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)နှင့် (မန္တလေးတောင်ပိုင်း) တို့တွင် ယာဉ်စစ်ဆေး ရက်ချိန်းကြိုတင်စာရင်းသွင်းသည့် စနစ် Online Booking System အား ဆောင်ရွက်ပေးခဲ့ပြီး နောက်ပိုင်းတွင် မော်တော်ယာဉ်မှန်ကန်မှုရှိ/မရှိ စစ်ဆေးခြင်းကိုပါ Online Booking System ဖြင့် ဆောင်ရွက်ပေးခဲ့သည်။

ယာဉ် မှန်/မမှန် စစ်ဆေးခြင်းကို Online Booking System တွင် ရက်ချိန်းရယူ၍ အချိန်စောင့်ဆိုင်းလိုခြင်းမရှိသော ယာဉ်ပိုင်ရှင်များသည် ပြင်ပတွင် ငွေကျပ် ၁၃၀၀၀၀ ပေး၍ စစ်ဆေးနေကြကြောင်း သတင်းအရ တိုင်းဒေသကြီးဦးစီးမှူး(ရန်ကုန်)မှ တိုင်းဦးစီးမှူး ဦးလျှန်ကျော့မန် ဦးဆောင်သည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းများနှင့် သဃ်န်းကျွန်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့်ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် အသွင်ယူ၍ ဆောင်ရွက်ခဲ့ရာ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ချမ်းသာလမ်းရှိ ဝပ်ရှော့တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အင်ဂျင်နီယာ အယောင်ဆောင်၍ ယာဉ်အား စစ်ဆေးပေးနေသော ဦးအောင်ကျော်ဦး တောင်ဥက္ကလာပမြို့နယ်နေသူနှင့် ဆက်သွယ်ဆောင်ရွက်ပေးသူ ဦးပြည့်ဖြိုးအောင်(ခ) ပြည့်ဖြိုး သဃ်န်းကျွန်းမြို့နယ်နေသူတို့ကို သက်သေများနှင့်အတူ ဖမ်းဆီးရမိသည်။ ၎င်းတို့နှစ်ဦးကို သဃ်န်းကျွန်းမြို့မရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ် မှန်/မမှန် စစ်ဆေးခြင်းနှင့် ပတ်သက်၍ Online Booking System ကျင့်သုံးသည့်ရုံးများအတွက် Online Booking ရယူ၍ ဆောင်ရွက်ရန်နှင့် Online Booking မရှိသော ရုံးများအတွက် သက်ဆိုင်ရာရုံးဦးစီးမှူးများထံ ခွင့်ပြုချက်ရယူပြီး ရုံးဝင်းအတွင်း ယာဉ်စစ်ဆေးနိုင်ကြောင်း အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၄-၂-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "ပြည်သူ့အတွက်ထာဝရ"

**ညပိုင်း**

၁၆း၃၅ - (၂၀၁၉)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (မြန်မာစာဘာသာရပ်)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၂၀) "ပွေလီပြန်ပေး" (ဒုတိယပိုင်း)
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - (၇၃)နှစ်မြောက် MRTV နှစ်ပတ်လည် ဂုဏ်ပြုအစီအစဉ်
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီဆွေဇင်ထိုက်)
- မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်ပတ်လည် အငြိမ့်အစီအစဉ် "ကုမုဒြာအငြိမ့်" (ဒုတိယပိုင်း) (မင်းသမီး-သင်းဌေးဇော်) (လူရွှင်တော်-မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အမျိုးသမီးဝန်ထမ်းများ)

# လှိုင်သာယာမြို့နယ်တွင် လုယက်သူများကို မြောက်ပိုင်းခရိုင်၊ မှုခင်းနှိမ်နင်းဌာနစုမှ ဖမ်းဆီးစစ်ဆေးခဲ့ရာ လုယက်မှု ၂၀ ဖော်ထုတ်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း ခိုးမှု၊ လုယက်မှုများ လျော့နည်းကျဆင်းရေး တွန်းအားပေး ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။**

ယင်းသို့ ဆောင်ရွက်ရာတွင် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၈ ရက် နံနက် ၃ နာရီခွဲခန့်က လှိုင်သာယာမြို့နယ် ညောင်ကျေးရွာ ဗိုလ်တထောင်လမ်းတွင် လုယက်မှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသော သောင်းအေး(ခ) ကရင်ကို စစ်ဆေးရှာဖွေရာ ၎င်းဝဲဘက်လက်သန်းတွင် ဝတ်ဆင်ထားသော ရွှေရောင်စပရိန်လက်စွပ် တစ်ကွင်းနှင့် ပတ်သက်ပြီး မေးမြန်းရာ ပိုင်ဆိုင်ကြောင်း ပြသပြောဆိုနိုင်ခြင်း မရှိသည့်အပြင် အဆိုပါ လက်စွပ်ကို ဇန်နဝါရီလအတွင်းက လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ဦးအောင်သူလမ်း၊ ဘောလုံးကွင်းအနီး လမ်းဘေးတွင်ထိုင်၍ စကားပြောနေသော စုံတွဲတစ်တွဲ၏ အမျိုးသားလက်တွင် ဝတ်ဆင်ထားသော ရွှေလက်စွပ်ကို လုယူရရှိခဲ့ပြီး လှိုင်သာယာမြို့နယ် မီးခွက်ဈေးရှိ ရွှေဆိုင်တစ်ဆိုင်တွင် သွားရောက်ရောင်းချရာမှ ရွှေအတုဖြစ်ကြောင်း သိရှိရခဲ့၍ ရောင်းချမရသဖြင့် ၎င်းဝတ်ဆင်ထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ယင်းအမှုနှင့် ပတ်သက်၍ လှိုင်သာယာမြို့မရဲစခန်းတွင် အမှုရေးဖွင့်ခဲ့သည်။

ဖမ်းဆီးရမိသူ လှိုင်သာယာမြို့နယ် ညောင်ကျေးရွာ ဗိုလ်တထောင်လမ်းသွယ်နေ သောင်းအေး(ခ)ကရင် (၃၀ နှစ်)ကို ထပ်မံစစ်ဆေးခဲ့ရာ ၎င်းနှင့်အတူ ပြစ်မှုများကျူးလွန်ရာတွင် ပါဝင်သူများဖြစ်သည့် လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် ပီမိုးနင်းလမ်းနေ မင်းမင်းဦး(ခ)မင်းမင်း (၁၉ နှစ်)ကို ဖမ်းဆီးခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူများဖြစ်သည့် အာကာကျော်၊ ဆန်းမင်းနိုင်တို့နှင့်အတူ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃) ဆိပ်ကမ်းသာလမ်းဘေးတွင် စကားပြောနေသော စုံတွဲ၏ အမျိုးသားလည်ပင်းတွင် ဝတ်ဆင်ထားသော ရွှေဆွဲကြိုး တစ်ကုံး။

၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် လှိုင်သာယာမြို့နယ်အတွင်းရှိ စက်မှုဇုန်(၂) မင်းကြီးမဟာမင်းခေါင်လမ်းတွင် စက်ဘီးစီးရင်း ဖုန်းပြောနေသော အမျိုးသားတစ်ဦးထံမှ PHICOM စာတန်းပါ ဖုန်းတစ်လုံး၊ ရွှေလင်ပန်းစက်မှုဇုန်ဘေးတွင် စကားပြောနေသော စုံတွဲထံမှ Oppo အမျိုးအစားဖုန်းတစ်လုံး၊ စက်မှုဇုန်(၄) ဆိပ်ကမ်းသာလမ်းမတွင် စက်ဘီးစီးနင်းလာသူ အမျိုးသားတစ်ဦး၏ ခါးကြားတွင် ထိုးထားသော Oppo အမျိုးအစား ဖုန်းတစ်လုံး၊ စက်မှုဇုန်(၄) မင်းကြီးမဟာခေါင်လမ်းတွင် စက်ဘီးစီးလျက် ဖုန်းပြောနေသော အမျိုးသားတစ်ဦးထံမှ ဟွာဝေး ဖုန်းတစ်လုံး၊ ရွှေလင်ပန်း စက်မှုဇုန် ဆေးရုံနောက်ကျောလမ်းတွင် စက်ဘီးစီးရင်း ဖုန်းပြောနေသော အမျိုးသားထံမှ ဟွာဝေး ဖုန်းတစ်လုံး၊ စက်မှုဇုန်(၄) ဆိပ်ကမ်းသာလမ်းတွင် လမ်းလျှောက်ရင်း ဖုန်းပြောနေသော အမျိုးသားတစ်ဦးထံမှ Mi ဖုန်းတစ်လုံးနှင့် ဟွာဝေး ဖုန်းတစ်လုံး။

**စစ်ဆေးပေါ်ပေါက်**

ရွှေလင်ပန်း စက်မှုဇုန်လမ်းတစ်နေရာတွင် စကားပြောနေသော စုံတွဲတစ်တွဲထံမှ Mi အမျိုးအစား ဖုန်းတစ်လုံး၊ နောက်စုံတွဲထံမှ နေတိုးပုံ ရွှေဆွဲကြိုးတစ်လုံးနှင့် ဟွာဝေး ဖုန်းတစ်လုံး၊ စက်မှုဇုန်(၂) ဆိပ်ကမ်းသာလမ်းမတွင် လမ်းလျှောက်လာသော အမျိုးသားတစ်ဦးထံမှ ပိုက်ဆံအိတ်တစ်လုံးအတွင်းမှ ငွေကျပ် ၁၃၀၀၀၊ စက်မှုဇုန်(၃)ရှိ လမ်းတစ်နေရာတွင် ချိန်းတွေ့စကားပြောနေသာ စုံတွဲတစ်တွဲထံမှ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေလင်ပန်း စက်မှုဇုန်လမ်းတွင် စက်ဘီးစီးနင်းလာသော အမျိုးသားတစ်ဦး၏ ခါးကြားတွင် ထိုးထားသော Vivo ဖုန်းတစ်လုံး၊ စက်မှုဇုန်(၁) ဆိပ်ကမ်းသာလမ်းမတွင် လမ်းလျှောက်ဖုန်းပြောနေသော အမျိုးသားတစ်ဦးထံမှ ဟွာဝေး ဖုန်းတစ်လုံး၊ စက်မှုဇုန်(၂)၊ ဆိပ်ကမ်းသာလမ်းဘေးတွင် စကားပြောနေသော စုံတွဲထံမှ ကင်ဘို ဖုန်းတစ်လုံး၊ စက်မှုဇုန်(၂) အားကစားကွင်း ဘေးလမ်းမတွင် လမ်းလျှောက်ရင်း ဖုန်းပြောလာသော အမျိုးသမီးတစ်ဦးထံမှ Liven ဖုန်းတစ်လုံး၊ စက်မှုဇုန်(၃) ဆိပ်ကမ်းသာလမ်းမတွင် စက်ဘီးစီးနင်းလာသူ အမျိုးသားတစ်ဦးထံမှ ဆမ်ဆောင်း အမျိုးအစားဖုန်း တစ်လုံး၊ စက်မှုဇုန်(၂) မင်းကြီးမဟာမင်းခေါင်လမ်းတွင် လမ်းလျှောက်ရင်း ဖုန်းပြောလာသော အမျိုးသားတစ်ဦးထံမှ ဟွာဝေး ဖုန်းတစ်လုံးတို့ကို လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။



မင်းမင်းဦးနှင့် သောင်းအေးတို့ကို သက်သေခံပစ္စည်းများနှင့် တွေ့ရစဉ်။

**စုံစမ်းမေးမြန်းနိုင်**

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းခဲ့ပြီး ပြစ်မှုကျူးလွန်သူ သောင်းအေး(ခ)ကရင်နှင့် မင်းမင်းဦး(ခ)မင်းမင်း တို့ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကာ ထွက်ပြေးတိမ်းရှောင်နေသူများကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် လှိုင်သာယာ မြို့မရဲစခန်းသို့ သွားရောက်စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**ကိုရဲ**

## ဆင်ပြောင်အမည်ရှိ သင်္ဘောနစ်မြုပ်ရာ၌ လူ ၁၈ ဦး ပျောက်ဆုံးလျက်ရှိရာမှ ၁၀ ဦး၏ အလောင်းများ ဆယ်ယူရရှိပြီးဖြစ်

**မာန်အောင် ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် မာန်အောင်ကျွန်း အနောက်မြောက်ဘက် ရေမိုင် ၅ မိုင်ခန့်အကွာရှိ မီးပြတိုက်ကိုပြင်ဆင်ရန် ရောက်ရှိနေသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနက ဆင်ပြောင်အမည်ရှိ သင်္ဘောသည် မီးပြတိုက်မြောက်ဘက် ရေမိုင် ၁ မိုင်ခန့်တွင် ကျောက်ချ ညအိပ်ရပ်နားနေစဉ် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၄ နာရီခန့်က သင်္ဘောအတွင်းသို့ ရေများ ဝင်ရောက်၍ နစ်မြုပ်သွားခဲ့ရာ လူခုနစ်ဦး အသက်ရှင်ကယ်တင်နိုင်ခဲ့ပြီး ၁၈ ဦးပျောက်ဆုံးလျက်ရှိရာမှ ကယ်ဆယ်ရေးအဖွဲ့မှ ရှာဖွေကယ်ဆယ်လျက်ရှိရာ ယနေ့ထိ ရေယာဉ်မှူး ဦးထွန်းထွန်းပါ သေဆုံးသူအလောင်း ၁၀ လောင်းဆယ်ယူ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ်နှင့် ဆောမြို့နယ်တို့တွင် တရားမဝင် ပိတောက်ခွဲသား ၁၄ တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နှင့် ဆောမြို့နယ်တို့တွင် တရားမဝင်ပိတောက်ခွဲသား ၁၄ တန်ကျော်ကို သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က ယမန်နေ့တွင် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖမ်းဆီးရမိမှုမှာ ဂန့်ဂေါမြို့နယ်တွင် ပိတောက်ခွဲသား ၁၅၅ ချောင်း (၁၂ ဒသမ ၃၂၁၄ တန်)နှင့် ဆောမြို့နယ်တွင် ပိတောက်ခွဲသား ၃၃ ချောင်း (၂ ဒသမ ၆၀၇၂ တန်)နှင့် စုစုပေါင်း ပိတောက်ခွဲသား တန်ချိန် ၁၄ ဒသမ ၉၂၈၆ တန် ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မွှေးကြူဇင်**

# ရွှေကူမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ရွှေကူမြို့နယ် ဒေသအခေါ် ကချင်သေတောင် မိုက်စမ်းဝါးခုတ်စခန်းအနီးရှိ အေးမင်းထွန်း(ခ)သာချို၏ ဈေးဆိုင်တဲကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၀၀ ပြား၊ ဘိန်းစိမ်း ၅၀ ဂရမ်နှင့် ငွေကျပ် ၅၀၈၀၀၀ တို့ကို လည်းကောင်း၊ အလားတူ နံနက် ၁၁ နာရီက သောင်းကျော် (ခ)ရှမ်းကြီး၏ နေအိမ်တဲကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၃၀ နှင့် ငွေကျပ် ၁၃၁၀၀၀ တို့ကို လည်းကောင်း၊ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# RCSS/SSA အဖွဲ့က တပ်မတော်ပိုင် စစ်ယာဉ်တစ်စီးပေါ်မှ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းသွားကြောင်း သိရှိရ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းနှင့် ကျိုင်းတုံအကြား ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ RCSS/SSA အဖွဲ့မှ အင်အား ၅၀ ခန့်က ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် ယာယီတာဝန်အပြီး တောင်ကြီးမှ ကျိုင်းတုံသို့ ပြန်လာသည့် တပ်ရင်းမှူးနှစ်ဦး စီးနင်းလာသော စစ်ယာဉ်တစ်စီးအား တားဆီး၍ ယာဉ်ပေါ်ပါရှိသည့် အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းသွားသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။**

RCSS/SSA အဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် သဘောတူလက်မှတ်ရေးထိုးထားပြီးသော အဖွဲ့အစည်းဖြစ်သည်။

**ထုတ်ပြန်ချက်အပေါ် လိုက်နာရန်သတိပေး**

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်ရွယ်လျက် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်" အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေအပါအဝင် တိုင်းစစ်ဌာနချုပ်ငါးခု၌ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်တွင်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်အပေါ် လိုက်နာရန် သတိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်သွားမည်**

ယခုဖြစ်စဉ်တွင် တပ်မတော်သားများနှင့် စစ်အသုံးအဆောင်ပစ္စည်းများဖြစ်သည်ကို သိလျက်နှင့် ယူဆောင်သွားမှုသည် ထာဝရငြိမ်းချမ်းရေးအတွက် ကြီးမားသည့် ဆန့်ကျင်ဘက် စိန်ခေါ်မှုတစ်ခုဖြစ်သဖြင့် RCSS/SSA အဖွဲ့အနေဖြင့် ယူဆောင်သွားသော အသုံးအဆောင်ပစ္စည်းများအားလုံးကို တပ်မတော်သို့ အမြန်ဆုံးပြန်လည်ပေးအပ်ရန်၊ ပြန်လည်ပေးအပ်ခြင်းမရှိပါက လိုအပ်သလို အရေးယူမှုပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အပါအဝင် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲထားသည့်ကာလအတွင်း လုံခြုံရေးသတိကင်းမဲ့စွာ ဆောင်ရွက်ခဲ့ကြသော အရာရှိများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

ဒေါက်တာ ပိုးပိုး ပါမောက္ခ (ဌာနမှူး) အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

**တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းဟာ ယခင်နှစ်တွေနဲ့မတူ အနည်းငယ်ပြောင်းလဲမှုရှိမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေပြဋ္ဌာန်းစာအုပ်ကို အလွတ်ကျက်မှတ်ဖြေဆိုမှု လျော့နည်းစေပြီး ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှု (Critical Thinking) နှင့် ပြောဆိုဆက်ဆံနိုင်မှု (Communicative Skills) ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ခေတ်နှင့်လျော်ညီတဲ့ မေးခွန်းတွေဖြစ်လာစေဖို့ ရည်ရွယ်ပြီး ၂၀၁၉ ခုနှစ်က စတင်ပြောင်းလဲမှာ ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူတွေအတွက် အခက်အခဲမဖြစ်စေဘဲ သူတို့ရဲ့စဉ်းစားဉာဏ် ပိုမိုဖွံ့ဖြိုးတိုးတက်စေမယ့် အကျိုးကျေးဇူးကို ရှေးရှုပြီး မေးခွန်းအချို့ကို မွမ်းမံပြင်ဆင် ဖြည့်စွက်မှာဖြစ်ပါတယ်။ မေးခွန်းတွေကို ကျောင်းသားအများစု ဖြေဆိုနိုင်မယ့် လွယ်၊ သင့်၊ ခက် မေးခွန်းတွေ ပါဝင်မှာဖြစ်လို့ သင်ခန်းစာများကို ကျေညက်စွာ လေ့လာထားတဲ့ ကျောင်းသား ကျောင်းသူများ ဖြေဆိုနိုင်မယ့် မေးခွန်းပုံစံဖြစ်ပါတယ်။**

ပြဋ္ဌာန်းစာအုပ်နဲ့ မေးခွန်းပုဒ်ရေ စုစုပေါင်း (၉)ပုဒ်ကို ပြောင်းလဲမှာ မဟုတ်ပါဘူး။ မေးခွန်းအများစုဟာ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေကို အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၁)**ကတော့ ယခင်နှစ်တွေကအတိုင်း သင်ခန်းစာ (၁၄) ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်မှာပါတဲ့အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား(၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

**Question No. I (A)** က **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင်ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ ဝါကျ(၅)ကြောင်းပေးထားပြီး ပေးထားတဲ့ ကွက်လပ်မှာ စာလုံးတစ်လုံး ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကိုဖြည့်ရမှာ ဖြစ်ပါတယ်။ သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလိုစကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ - စာပိုဒ်ထဲမှာ Noun သို့မဟုတ် Adjective နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ Verb ပြောင်းပြီး ဖြည့်ချင်ဖြည့်ရပါမယ်။ စာပိုဒ်ထဲမှာ PassiveVoice နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ Active Voice နဲ့ ဖြည့်ချင်ဖြည့်ရပါမယ်။

ဥပမာ - စာပိုဒ်ထဲမှာ Different people have different ideas of beauty or handsomeness. လို့ ပေးထားပေမယ့် မေးခွန်းမှာ Ideas of beauty and handsomeness --------- from person to person. လို့ ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက Verb ဖြစ်ရပါမယ်။ ဒါကြောင့် Different ဆိုတဲ့ စာပိုဒ်ထဲကစာလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့မရပါဘူး။ Different ကို differ လို့ပြောင်းပေးမှ အဖြေမှန်မှာဖြစ်ပါတယ်။

တစ်ခါတစ်ရံ Active Voice ကို Passive Voice နဲ့ ပြောင်းဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ- စာပိုဒ်ထဲမှာ Helen was almost a wild child. No one could control her. လို့ ပေးထားပေမယ့် မေးထားတဲ့စာကြောင်းက Helen could not --------- by anyone, because she was almost a wild child. လို့ ပေးထားမယ်ဆိုရင် ဒီစာကြောင်းမှာဖြည့်ရမယ့် စကားလုံးဟာ Passive Voice ဖြစ်ရပါမယ်။ ဒါကြောင့် control လို့ ဖြေပေးလို့မရပါဘူး။ be controlled လို့ရေးမှ အဖြေမှန်မှာ ဖြစ်ပါတယ်။

**Question No. I (B)** ကတော့ **Answer each question in one sentence .** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာအချက်အလက်တွေကို မေးတဲ့မေးခွန်း(၅)ခု ပေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ ဖြေပေးရမှာ ဖြစ်ပါတယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက်(fact)ရော သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့လိုပါတယ်။

ဥပမာ - She became angry and violent very easily and threw things onto the floor or at other people. လို့ပေးထားပြီး When Helen became angry and violent, what did she do ? လို့မေးခဲ့ရင် ပေးထားတဲ့ စာပိုဒ်ထဲက စာကြောင်း She became angry and violent very easily and threw things onto the floor or at other people. ကို ပြန်ကူးချလို့မရပါဘူး။ မေးထားတဲ့မေးခွန်းကို ပြန်ကောက်ပြီး When Helen became angry and violent, she threw things onto the floor or at other people. လို့ ပြန်ဖြေပေးရပါမယ်။

ဒ့ါအပြင် The beach resorts at Pattaya and Phuket offer a wide range of activities from scuba diving and windsurfing to golf. လို့ပေးထားပြီး What examples of water sports are given in the passage? လို့ မေးခဲ့ရင် The examples of water sports (that are) given in the passage are scuba diving and windsurfing လို့ ဖြေမှမှန်ပါမယ်။ water sports ကို မေးတာဖြစ်လို့ golf ကို ထည့်ရေးရင် အမှတ်ပြည့်မရနိုင်ပါဘူး။

တစ်ခါတစ်ရံမှာ စာပိုဒ်ထဲက အကြောင်းအရာနဲ့ ဆက်စပ်ပြီး မိမိကိုယ်တိုင် ဆုံးဖြတ်ဖြေဆိုရတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်ပါတယ်။ ဥပမာ - Some think that men who are tall, dark and muscular are handsome but for some, those who are fair and slightly built are cute ... Girls who are tall usually long to be dainty and small, and vice versa; plump girls with rosy round faces would love to be pale and delicate; slender girls with very white skin hate their pale and colourless look. ဆိုတဲ့ ဖတ်စာအုပ်ထဲက စာပိုဒ်ပေးထားပြီး What kind of boy or girl would you like to be ? လို့မေးခဲ့ရင် ပေးထားတဲ့ စာပိုဒ်ကို ကိုးကားပြီး I would like to be a tall, dark and muscular boy. (သို့မဟုတ်) I would like to be a slender girl. လို့ပဲ ဖြေလို့ရပါတယ်။ ဒါမှမဟုတ် I would like to be a beautiful girl. လို့ ရေးလို့ရပါတယ်။ အဓိကကတော့ ယုတ္တိရှိတဲ့ အဖြေဖြစ်ဖို့နဲ့ သဒ္ဒါမှန်ဖို့ပဲ ဖြစ်ပါတယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များနဲ့မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

**မေးခွန်းနံပါတ်(၂)** ကတော့ **Fill in each numbered blank with a word from the list given. There are five extra words. Write down only the number of the blank and the word that fills it.** ဖြစ်ပါတယ်။

ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ(၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး (၈)လုံးမြောက် စကားလုံးတွေမှာ ကွက်လပ်ဖြည့်ပေးရမှာဖြစ်ပါတယ်။ ကွက်လပ်ပေါင်း(၂၀)ရှိပြီး ဒီကွက်လပ်တွေကိုဖြည့်စွက်ဖို့ စကားလုံး(၂၅)လုံးကိုလည်း ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာလုံး(၅)လုံး ပိုပေးထားတာပါပဲ။ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့မလိုပါဘူး။ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၃)** ကိုတော့ ယခင်နှစ်များနဲ့မတူဘဲ III(A)နဲ့ III(B) ဆိုပြီး (၂)ပိုင်းခွဲထားပါမယ်။

**III (A)** ကတော့ **Choose the appropriate word to complete the sentences.** ဖြစ်ပါတယ်။ ဖတ်စာအုပ်ထဲမှ စကားလုံးများကို ကွက်လပ်ဖြည့်မေးခွန်းအနေနဲ့ ဝါကျအသစ်မှာ ထည့်မေးတာဖြစ်ပါတယ်။ ရွေးချယ်ဖို့ စကားလုံး (၃)လုံး ပေးထားပြီး မှန်တဲ့စကားလုံးကိုရွေးရမှာ ဖြစ်ပါတယ်။ ဥပမာ - Space travel is one of the ---------- of modern science and technology. လို့ ပေးထားပြီး ရွေးချယ်စရာ A.activities B.wonders C.surprises လို့ ပေးထားပါမယ်။ အဖြေမှန်က B.wonders လို့ မေးခွန်းနံပါတ်နဲ့အဖြေကို ရေးပေးရပါမယ်။ ပေးထားတဲ့ဝါကျရဲ့အဓိပ္ပာယ်နဲ့ ရွေးချယ်ဖို့ပေးထားတဲ့ စကားလုံးတွေကို ဘယ်လိုသုံးရတယ်ဆိုတာသိရှိမှ အဖြေမှန်ကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။

နောက်ဥပမာတစ်ခုကတော့ Animals can be classified --------- different types. ဖြစ်ပြီး ပေးထားတဲ့ စကားလုံးတွေက A. into B. in C. onto ဖြစ်မယ်ဆိုရင် အဖြေမှန်က A. into ဖြစ်ပါတယ်။ မေးထားတဲ့ ဝါကျတစ်ကြောင်းလုံးကို ပြန်ကူးဖို့မလိုပါဘူး။ နံပါတ်တပ်ပြီး အဖြေကိုရေးရင် ရပါတယ်။

III (B) ကတော့ **Write the appropriate words or groups of words to complete the lines of verse.** ဖြစ်ပြီး ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေကို ကွက်လပ်ဖြည့်မေးတာပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူတွေရဲ့သင်ယူထားတဲ့ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်လည်ရေးသားနိုင်မှုကို စစ်ဆေးတာဖြစ်ပါတယ်။ တိတိကျကျ ပြန်လည်ဖော်ပြဖို့လိုတဲ့အတွက် စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုပါတယ်။

ဥပမာ- A great steel bridge
With towers -----------;

လို့မေးရင် stiff and tall လို့ ဖြေပေးရမှာဖြစ်ပါတယ်။ မေးထားတဲ့စာကြောင်းတွေကို ပြန်ကူးဖို့မလိုပါဘူး။

**မေးခွန်းနံပါတ်(၄)**ကတော့ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှုရှိမရှိ စစ်ဆေးဖို့ မေးခွန်း(၅)ခု မေးထားပါတယ်။ ယခင်နှစ်များကလို ရွေးချယ်စရာပေးမထားတာကို သတိပြုမိဖို့ လိုပါတယ်။ ကျောင်းသား ကျောင်းသူများဟာ အချက်အလက်ရောသဒ္ဒါပါ မှန်မှန်ကန်ကန်နဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။

ဥပမာ -

What are nightmares and when do they occur ? လို့ မေးထားတယ်ဆိုရင် Nightmares are terrifying dreams, a collection of confused thoughts and they occur towards dawn. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။

Name two advantages of self-service supermarkets. လို့ မေးခဲ့ရင် Two advantages of self-service supermarkets are that there is no waiting to be served and there is a wide variety of choice. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။

နောက်ပုံစံတစ်ခုဖြစ်တဲ့

Who said these words and to whom were they said? What do they mean?

"Oh, to hell with your stars and constellations!"

ဆိုတဲ့ ပုံစံလည်းမေးနိုင်ပါသေးတယ်။ ဒါဆိုရင် The philosopher, the medico, the man of music and dancing said these words to the astrologer. They mean that after plucking the tender bael leaves, the astrologer was waiting for the influence of the descending constellations to come down. Therefore his three friends became impatient with him and yelled at him saying these words. လို့ ဖြေပေးရပါမယ်။

ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ သင်ခန်းစာ (၁၄)ခုလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့လိုပါတယ်။ ယခုဖြေပြတဲ့အဖြေတွေက နမူနာအဖြေများသာ ဖြစ်ပါတယ်။ ဆိုလိုရင်းမှန်ကန်တဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။

မေးခွန်းနံပါတ်(၄) အပုဒ်ငယ်(၅)ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်ပါတယ်။ What do these lines mean ? လို့ မေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ဆိုလိုရင်း အဓိပ္ပာယ်ရော သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ -What do these lines mean ?

Content to breathe his native air

In his own ground . ဆိုတဲ့ကဗျာထဲက စာကြောင်း(၂)ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီကဗျာ(၂)ကြောင်း ကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၅)**ကတော့ ယခင်မေးခွန်းများနဲ့ မတူတော့ပါဘူး။ စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅)ခုကို ဖြေပေးရမှာ ဖြစ်ပေမယ့် ပေးထားတဲ့စာပိုဒ်က ဖတ်စာအုပ်ထဲက စာပိုဒ်မဟုတ်ပါဘူး။ ကျောင်းသားကျောင်းသူတို့ အသက်အရွယ်နဲ့ ကိုက်ညီမယ့် အကြောင်းအရာပိုင်းနဲ့ language တို့ပါဝင်တဲ့ စာပိုဒ်မျိုးဖြစ်ပါမယ်။ ဥပမာ - စာပိုဒ်က

Forests and trees aren't just pretty to look at. They do an important job making the earth's environment suitable for life. They clean the air, store water, preserve soil, and provide homes for animals. They also supply food, fuel, wood products, and paper products for humans. လို့ပေးထားပြီး What do forests and trees provide animals and humans? လို့မေးရင် အဖြေက Forests and trees provide homes for animals and food, fuel, wood products, and paper products for humans. လို့ မှန်မှန်ကန်ကန်ဖြေပေးရပါမယ်။

ဒ့ါအပြင် ကျောင်းသားကျောင်းသူတွေ စာဖတ်ပြီးနားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲကအကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်ပါတယ်။

ဥပမာ - paper တွေကို recycle လုပ်နိုင်တဲ့အကြောင်းပါတဲ့ အောက်ပါစာပိုဒ်ကိုပေးထားပြီး paper တွေအပြင် အခြားဘာတွေကို recycle လုပ်လို့ရလဲလို့ မေးတဲ့မေးခွန်းမျိုးတွေလည်း ဖြေဆိုနိုင်ဖို့လိုပါတယ်။

How can you use less paper? One answer is to reduce your paper use by using both sides of the paper when you photocopy, write a letter, or write a paper for school. …A final answer is to recycle used paper products instead of throwing them away. Most schools, offices, and neighbourhoods have some kind of recycling centre.

What other materials can we recycle apart from paper ? လို့ မေးရင်

Apart from paper, we can recycle plastic, glass, and iron. လို့ ဖြေဆိုနိုင်ပါတယ်။

ဒီလိုမေးခွန်းတွေဟာ open-ended ဖြစ်လို့ အဖြေက တစ်ခုထက်မက ရှိပါတယ်။ အဓိပ္ပာယ်ရှိတဲ့ သဒ္ဒါမှန်တဲ့ မည်သည့် အဖြေကိုမဆို အမှတ်ပေးမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေက တစ်ပုဒ်ကို (၂)မှတ်ပေးတဲ့ မေးခွန်းတွေဖြစ်တဲ့အတွက် အဖြေ တစ်ဝက်လောက်မှန်ရင်လည်း အမှတ်တစ်ဝက်ရနိုင်ပါတယ်။

**မေးခွန်းနံပါတ်(၆)** ကတော့ capital letter, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe စတဲ့ Punctuation တွေကို မှန်မှန်ကန်ကန် သုံးတတ်မှုကို စစ်ဆေးတဲ့မေးခွန်းတွေ ဖြစ်ပါတယ်။ Punctuate the following. လို့ မေးမှာ ဖြစ်ပါတယ်။ အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာ သိဖို့လိုပါတယ်။ Punctuation မေးခွန်းအတွက် အလွတ်ကျက်မှတ်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းများများလုပ်ပေးဖို့ပဲ လိုပါတယ်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter နဲ့ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်က ပြောတဲ့စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့အစနဲ့အဆုံးမှာ inverted comma တွေသုံးဖို့သိရပါမယ်။ ဥပမာ -

the teacher said if you dont listen carefully you wont know what to do လို့ပေးထားရင်

The teacher said, "If you don't listen carefully, you won't know what to do." လို့ ပြန်ရေးပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၇)**မှာ အပိုင်း(၂)ပိုင်းပါဝင်ပါတယ်။

ပထမပိုင်း**VII.(A)**က **Stylistic Transformation. Finish each sentence in such a way that it means exactly the same as the sentence that is given.** လို့ မေးမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ဝါကျ (၁၀) ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ဒီလို အဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ဝါကျတွေ နဝမတန်းနဲ့ ဒသမတန်းပြဋ္ဌာန်းစာအုပ်တွေထဲမှာ ပါပါတယ်။ အဲဒီလေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ရင် ဒီအပိုင်းကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။

ဒုတိယပိုင်း**VII.(B)** ကတော့ **Using the prompts given, write a very short paragraph on:** ဆိုပြီး ရွေးစရာ(၂)ပုဒ်ပေးပါမယ်။ ပေးထားတဲ့ prompt တွေကိုသုံးပြီး စာပိုဒ်တိုလေးတစ်ပိုဒ်ရေးရမှာ ဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားကျက်မှတ်ထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ ကိုယ်ပိုင်နိုင်စွာရေးနိုင်မယ့် တစ်ပုဒ်ကိုရွေးပါ။ မလိုတာတွေ ထည့်မရေးပါနဲ့။ write a very short paragraph ဆိုတာကိုသတိပြုပါ။ ပေးထားတဲ့ prompt အားလုံးကို ပြန်သုံးပြီး သဒ္ဒါမှန်တဲ့ ဝါကျတွေရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

ဥပမာ - The moon: a nice place to visit ? အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompt တွေက moon - satellite - earth - it - about 240,000 miles away - our planet earth ဖြစ်ရင် The moon is a satellite of the earth, and it is about 240,000 miles away from our planet earth. လို့ ဝါကျကို မှန်မှန်ကန်ကန် တည်ဆောက်တတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။ moon တို့၊ earth တို့မှာ article "the" လိုအပ်ပြီး satellite ရှေ့မှာတော့ article "a"လိုအပ်ပါတယ်။ အဲဒီအပြင် the moon နဲ့ a satellite ကြား it နဲ့ about 240,000 miles ကြားမှာ verb to be ဖြစ်တဲ့ is ကို ထည့်ပေးရပါမယ်။ The moon is a satellite နဲ့ the earth is about 240,000 miles away from our planet earth နှစ်ခုကို ဆက်သွယ်ပေးဖို့ conjunction "and" နဲ့ comma (,) တို့ကိုလည်း ထည့်ပေးရမယ်။ ဒါတွေကိုသိပြီး ဝါကျအဖြစ် တည်ဆောက်တတ်ဖို့ လိုပါတယ်။ စာပိုဒ်ကို ရေးဖို့ဆိုရင် article တွေ၊ preposition တွေ၊ conjunction တွေ၊pronoun တွေနဲ့ punctuation တွေကို ဘယ်လိုသုံးရမယ်ဆိုတာသိရှိပြီး များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာပိုဒ်တွေကို တိုက်ရိုက်ပေးထားမှာ မဟုတ်လို့ အလွတ်ကျက်မှတ်တာထက် မိမိကိုယ်တိုင် ဝါကျတွေကို တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

**မေးခွန်းနံပါတ်(၈)** ကတော့ Letter writing ဖြစ်ပါတယ်။ **Choose a situation given below and write a letter. Do not write more than 300 words.** လို့ မေးမှာဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း(၂)ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ(၃၀၀)ထက်မပိုအောင် ရေးသားဖြေဆိုရပါမယ်။ ဒီမေးခွန်းကိုဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ(၁) စာရေးသူ(Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာသိဖို့ လိုပါတယ်။ (၂)ဘာအကြောင်းအရာရေးရမလဲဆိုတာ သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ အရေးကြီးတဲ့အချက်တစ်ချက် ကတော့ မေးခွန်းမှာစာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမဲ့သူ(Addressee) တွေရဲ့နာမည်ကို ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မိမိနာမည်၊ မိမိကျောင်း၊ မိမိမြို့စတာတွေကို လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။ ဥပမာ -

You are **Thida** and you live at **No.7, Insein Road, Yangon**. Write to **your aunt,** who has been teaching high school students for nearly twenty years. Tell her how much you fear the matriculation examination and request her to give you some advice to overcome your fear.

ဆိုတဲ့မေးခွန်းကိုကြည့်ရင် အကြောင်းအရာနှစ်ချက်ပါပါတယ်။ ပထမအချက်က how much you fear the matriculation examination နဲ့ ဒုတိယအချက်က request her to give you some advice to overcome your fear ဖြစ်ပါတယ်။ မိမိစာမေးပွဲကို ဘယ်လိုကြောက်ကြောင်း၊ ဒီလိုကြောက်ရွံ့မှုကို ကျော်လွှားနိုင်ဖို့ အဒေါ်ထံက အကြံဉာဏ်တောင်းလိုကြောင်းနဲ့ အဒေါ်ဖြစ်သူက အထက်တန်းကျောင်းသားတွေကို နှစ်(၂၀)နီးပါးသင်ကြားနေတဲ့ ဆရာမဖြစ်လို့ မိမိကို အကြံဉာဏ်ကောင်းတွေ ပေးနိုင်မယ်လို့ မျှော်လင့်ကြောင်း စသည်ဖြင့် အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ အလွတ်ကျက်ထားသမျှ အားလုံးချရေးတာမျိုးဟာ မေးထားတာနဲ့ မဆီလျော်လို့ အမှတ်ကောင်းကောင်းမရနိုင်ပါဘူး။

**မေးခွန်းနံပါတ်(၉)** ကတော့**Write an essay of three paragraphs on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ခေါင်းစဉ်(၃)ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီး ရေးရမှာဖြစ်ပါတယ်။ ဥပမာ - Places of recreation in Myanmar ကို ကိုယ်ကျက်ထားတာက Tourist Attractions in Myanmar ဖြစ်ခဲ့ရင် အနည်းငယ်တူညီတယ်ထင်ရပေမယ့် တကယ်တော့ ကွာခြားချက်တွေ အများကြီးရှိနေပါတယ်။ ကိုယ်ဖော်ပြတဲ့နေရာတွေက recreation အတွက် သွားလို့ရတဲ့နေရာ၊ ကိုယ့်ကိုပျော်ရွှင်စရာတွေ ပေးနိုင်တဲ့ အပန်းဖြေလို့ရတဲ့ နေရာတွေဖြစ်ရပါမယ်။ ဘုရားအကြောင်းတွေ၊ သမိုင်းဝင်နေရာဖြစ်ကြောင်းတွေ ရေးသားမယ်ဆိုရင်တော့ မဆီလျော်နိုင်ပါဘူး။ ဒါ့ကြောင့် သေသေချာချာ စဉ်းစားတွေးတောပြီးမှ ရေးဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမှာ စာစီစာကုံးနဲ့ပေးစာတွေကို ကောင်းကောင်းရေးနိုင်ဖို့

(၁) Organization - ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံးစသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ရပါမယ်။

(၂) Relevancy - ဆီလျော်မှုရှိခြင်း။ မိမိရေးရမယ့်အကြောင်းအရာနဲ့ ဆီလျော်တာကိုပဲ ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင်ဆီလျော်မှု မရှိလို့ အမှတ်မရနိုင်ပါဘူး။

(၃) Content - အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကိုစိတ်ကူးစိတ်သန်း ကောင်းကောင်းနဲ့ ဖန်တီးနိုင်ဖို့လိုပါမယ်။

(၄) Langauge - အသုံးအနှုန်းမှန်ကန်ခြင်း။ သုံးတဲ့ စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊လှခြင်း၊ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်ခြင်း၊ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုးကို ရေးတတ်ရပါမယ်။

(၅) Presentation - တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူစိတ်ဝင်စားအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

ဒီနေရာမှာ ထပ်မံသတိပေးလိုတာကတော့ ပေးစာရေးရာမှာဖြစ်ဖြစ် စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် စာလုံးရေကန့်သတ်ထားတာကို သတိရှိပါ။

ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ်၊ ထိထိမိမိ၊ သဒ္ဒါမှန်မှန်နဲ့ရေးဖို့ အရေးကြီးပါတယ်။ နှစ်တိုင်းလိုလို စာစစ်ရာမှာ တွေ့ကြုံရတဲ့အခက်အခဲကတော့ ပေးစာတွေ၊ စာစီစာကုံးတွေကို အရှည်ကြီးရေးသားပြီး ဆီလျော်တာရော မဆီလျော်တာတွေရောကို စုပြုံရေးသားခြင်းပဲ ဖြစ်ပါတယ်။ စာလုံးရေ ကန့်သတ်လိုက်တဲ့အတွက် မဆီလျော်တာတွေပါနေရင် ဆီလျော်တာတွေကျန်ခဲ့မှာဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်ပါတယ်။ ဒါမှသာ မေးထားတဲ့အချက်တွေအားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့်ကျောင်းသားကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ(၁၄)ခုလုံးက စာပိုဒ်တွေအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေရဲ့ ဝေါဟာရတွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင်လေ့လာဖို့၊ ပေးထားတဲ့လေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့စာစီစာကုံးတွေကိုလည်း ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင်ရေးတတ်ဖို့လည်း ကြိုးစားလေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၁၉ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

# သံလွင်မြစ်အတွင်း သဲစုပ်ယူသည့်အတွက် ကမ်းပါးပြိုကျမှုများဖြစ်ပေါ်

**ချောင်းဆုံ ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နှင့်ထိစပ်နေသော သံလွင်မြစ်အတွင်း သင်္ဘောများ သွားလာရေး လွယ်ကူစေရန်အတွက် မြစ်ကြောင်းရှင်းလင်းရေးအတွက် သဲစုပ်ယူလျက်ရှိရာ ကမ်းပါးပြိုကျမှုများဖြစ်ပွားလျက်ရှိပြီး မျှောပိုက်ငါးဖမ်းရေလုပ်သားများလည်း အခက်တွေ့လျက်ရှိကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ယမန်နေ့က မွန်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ကြည့်ရေး ကော်မတီအတွင်းရေးမှူး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့များက မြက်ကျွန်း၊ ဟ်သာကျွန်းတို့သို့ ကွင်းဆင်း ကြည့်ရှုခဲ့သည်။

အဆိုပါ သဲစုပ်ယူလျက်ရှိသော ကုမ္ပဏီသည် မုဒုံမြို့နယ်ရေိယာတွင် တူးဖော်လျက်ရှိရာမှ သတ်မှတ်ရေိယာထက် ကျော်လွန်၍ ချောင်းဆုံမြို့နယ် ရေိယာဘက်သို့ လာရောက်တူးဖော်လျက်ရှိပြီး ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်နေသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့ကို အမြန်ဆုံး တင်ပြသွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ကြည့်ရေးကော်မတီ အတွင်းရေးမှူးက ပြောသည်။

ဒေသခံပြည်သူများက ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပေးပို့သည့်အတွက် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရေလုပ်သားများနှင့် ပဋိပက္ခမဖြစ်ပွားရေးအတွက် ညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီး အထက် ဌာနအဆင့်ဆင့်သို့ ဆက်လက်တင်ပြထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး က ပြောသည်။



ကမ်းပါးပြိုကျမှုများဖြစ်ပေါ်လျက်ရှိသော သံလွင်မြစ်ကမ်းတစ်နေရာ။

သံလွင်မြစ်အတွင်း မျှောပိုက်ချသည့် လမ်းကြောင်းမလွတ်ကင်းသည့်အတွက် ငါးဖမ်းပိုက်များ ပျက်စီးဆုံးရှုံးမှုများရှိကြောင်း သဲစုပ်ယူမှုကို ညပိုင်းတွင်သာ ပြုလုပ်လျက်ရှိပြီး မြစ်ကမ်းပါးများ ဆက်တိုက် ပြိုကျလျက်ရှိကြောင်း၊ နတ်မှော်ကျေးရွာ ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ကေအေ(ချောင်းဆုံ)**

# မုံရွာမြို့နယ်ရှိ ကျေးရွာသုံးရွာအတွင်း ကွန်ကရစ်လမ်းအရှည် ပေ ၅၀၀၀ ကျော် ခင်းကျင်းပြီးစီး

**မုံရွာ ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ဒါန်းပင်တဲ(ရွာသစ်)၊ ပုရစ်ကုန်း(မြောက်)နှင့် လယ်တော်ရွာတို့တွင် နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့သောငွေနှင့် ကျေးရွာနေပြည်သူများ စုပေါင်းထည့်ဝင်ငွေများဖြင့် ခင်းကျင်းခဲ့သည့် ကွန်ကရစ်လမ်း ၅၁၅၇ ပေအရှည်ကို ခင်းကျင်းပြီးစီးခဲ့ပြီ ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက ပြောသည်။

မုံရွာမြို့နယ်အတွင်းရှိ ဒါန်းပင်တဲ(ရွာသစ်)တွင် ၂၀၁၈ ခုနှစ် ခြောက်လ ဘတ်ဂျက်ကာလ အတွင်း လမ်းအရှည် ပေ ၁၃၀၀ ကို လည်းကောင်း၊ ပုရစ်ကုန်း(မြောက်)ကျေးရွာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လမ်းအရှည်ပေ ၂၃၀၀ ကိုလည်းကောင်း၊ လယ်တော်ကျေးရွာတွင် လမ်းအရှည် ၁၅၅၇ ပေ စုစုပေါင်း ၅၁၅၇ ပေကို နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့သောငွေနှင့် ကျေးရွာနေပြည်သူများ စုပေါင်းထည့်ဝင်ငွေများဖြင့် ခင်းကျင်းပြီးစီးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဗေယျာတိုင်း)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေး

**နတ်မောက် ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးမှု ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၁၂ ရက်က ရွာမွန်-ကျောက်ပန်းတောင်းကားလမ်းနှင့် ပဂွေးကုန်းလမ်းခွဲတို့၌ ပြုလုပ်ခဲ့သည်။

အဆိုပါ စစ်ဆေးမှုကို ရွှေပန်းတောရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ဆောင်ရွက်ခဲ့ရာ ယာဉ်စည်းကမ်းလိုက်နာမှုမရှိသည့် ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး ရွှေသင်္ကန်းကပ်လှူရန်အလှူငွေ ပေးအပ်

**ဟိုပုံး ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၏ အထင်ကရ စေတီတစ်ဆူဖြစ်သည့် သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေပေးအပ်ပွဲနှင့် ရောင်တော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များ၊ ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်များထံမှ သီလခံယူပြီးနောက် ရွှေသင်္ကန်းအလှူငွေများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်နှင့် ရပ်ကွက် ကျေးရွာများမှ အလှူရှင်များက ပေးအပ်လှူဒါန်းရာ ဘုရားကြီး ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် မွေတော်ဘုရားကြီး၏ အရှေ့ဘက်မုခ်ရှိ လိုဏ်ဂူတော်အတွင်း ကိန်းဝပ်စံနေတော်မူသော ရေးဟောင်းရုပ်ပွားတော်များအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့သည်။



ဘုရားကြီးအရှေ့ဘက်မုခ် လိုဏ်ဂူတော်အတွင်းရှိ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူကို ရွှေသင်္ကန်းကပ်လှူနေစဉ်။

သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရားကြီးနှင့် သီရိမင်္ဂလာဗိမာန်တော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းအတွက် ဇန်နဝါရီလမှစတင်၍ ငြမ်းဆင်ခြင်းလုပ်ငန်းနှင့် ပျက်စီးနေသည့် စေတီတော်ကြီး၏ အပေါ်ပိုင်း ပြုပြင်စရာရှိသည်များ ပြုပြင်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဖွဲ့စည်းပေးသည့် လုပ်ငန်းကော်မတီဖြင့် ဆောင်ရွက်ခဲ့သည်မှာ ယနေ့ဆိုလျှင် ၄၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ ဇန်နဝါရီ ၄ ရက်မှစ၍ ဖေဖော်ဝါရီ ၁၁ ရက်အထိ ရွှေသင်္ကန်းအတွက် အလှူတော်ငွေကျပ် ၆၇၈ သိန်းကျော် ရရှိပြီးဖြစ်ကြောင်း၊ ရွှေသင်္ကန်းကပ်လှူရန် ပြင်ဆင်သည့်လုပ်ငန်းနှင့် သစ်စေးသုတ်ရသည့် အချိန်ကာလသည် ရက်ပေါင်း ၉၀ ကျော် ကြာမြင့်ကြောင်း၊ ထို့ကြောင့် ဘုရားဆင်းတုတော်များနှင့် စေတီတော်များကို ရွှေသင်္ကန်း စတင်မကပ်လှူနိုင်သေးကြောင်း ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန် ထံမှ သိရသည်။

**ထက်ထက်(ဟိုပုံး)**

# စစ်ကိုင်းမြို့ ကြေးဘုရားကြီး၌ ဘဲဥထုပွဲကို ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ကျင်းပမည်

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်ရှိ ဇိနမာရ်အောင်လောကချမ်းသာ(ကြေးဘုရားကြီး)၏ ဗုဒ္ဓပူဇနိယပွဲတော်၌ ရိုးရာအစဉ်အလာမပျက် ထည့်သွင်းကျင်းပလာသည့် ဘဲဥထုပွဲကို ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း မင်းကျောင်းဘုန်းကြီးကျောင်းတိုက်မှ သိရသည်။

အဆိုပါ ဇိနမာရ်အောင် လောကချမ်းသာ(ကြေးဘုရားကြီး) ဗုဒ္ဓပူဇနိယပွဲတော်ကို မင်းကျောင်းဘုန်းကြီးကျောင်းတိုက်က ဦးစီး၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက် (တပို့တွဲလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၀ ရက်တွင် သံဃာတော်များအား ဆွမ်းဆန်တော်နှင့်အတူ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

လောကချမ်းသာ(ကြေးဘုရားကြီး)၏ ဗုဒ္ဓပူဇနိယပွဲတော်၌ ရိုးရာအစဉ်အလာမပျက် ဘဲဥထုပွဲကိုလည်း ထည့်သွင်းကျင်းပလေ့ရှိရာ ဘဲဥထုပွဲအကြောင်းကို ဒေသခံတစ်ဦးက "ရှေးမြန်မာဘုရင်တွေလက်ထက်က အစေခံခံတပ်က ကင်းသမားတွေ၊ လေ့တော်သားတွေ ညဘက် အပျော်ဆော့ကြရင်း ဖြစ်လာတဲ့ပွဲပါ၊ တစ်နိုင်ငံလုံးမှာမှ စစ်ကိုင်းမြို့ ဇိနမာရ်အောင်လောကချမ်းသာ ကြေးဘုရားကြီးရဲ့ဘုရားပွဲတော်မှာပဲ ဘဲဥထုပွဲဆိုတာရှိတာပါ၊ ဘဲဥထုတဲ့အခါ ပိမ့်သွားတဲ့ဘဲဥဘက်က အရှုံးပါ၊ သူက ဘဲဥဖိုး ပိုက်ဆံရှင်းရပါတယ်၊ နိုင်တဲ့သူကတော့ အဲဒီဘဲဥကို ယူရပါတယ်"ဟု ပြောပြသည်။



ဘဲဥထုပွဲတွင် ဆော့ကစားနေကြသော ဒေသခံပြည်သူများ။

